# ဦ ရှင်ကျင့်ဝတ်

## သာမဏေရသိက္ခာခေါ်

၀၁

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

မြတ်ဗုဒ္ဓသာသနာ

နေဝါလရောင် ထွန်းပြောင်တောက်ပရေးအတွက်

အထူးစီစဉ်အပ်သော

သာမဏေရ သိက္ခာခေါ

# ဇွဲ-ရှင်ကျင့်ဝတ်

[အရပ်ရပ် စာမေးပွဲအတွက် ခက်ဆစ်များနှင့် ဥဿုဘ ရှင်,ရဟန်း မှတ်သားဘွယ်များ]

ဇွဲစာပေရိပ်မြုံ
အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ကောဇာ ၁၃၄၁၊ သာသနာ ၂၅၂၃၊ ခရစ် ၁၉၇၉။

ပထမအကြိမ်

၁၉၇၉- ဒီဇင်ဘာလ

အုပ်ရေ- ၅၀၀၀

အဖုံးရိုက်- ဇွဲ

တန်ဖိုး ၃-ကျပ်

ဘာသာရေးဆိုင်ရာခွင့်ပြုချက် (၅၈၅)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၁၂၂၁)

ထုတ်ဝေသူ။ ။မောင်အေးမင်းလွင်၊ အေးညွန့်ဆွေစာပေ(၀၁၃၂၈)
အမှတ်-၅၇၊ ၄၄-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးထွန်းရှိန် (မြ-၀၂၁၃၈) ဇွဲစာပုံနှိပ်တိုက်၊
အမှတ်-၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# နိဒါန်း

**သာသနာ့နိုင်ငံ တည်ထောင်ပြန်**

ကျက်သရေ ညွှတ်ရုံး အထွတ်ဆုံး မှန်ကူ သယမ္ဘူ ထွတ်ထား ရှင်တော် မြတ်ဘုရား သည် လူသာမန်တို့ ကြံစည်ဖို့ဝေး နည်း နည်းလေးမျှ မတွေးဝံ့သော ပါရမီဆယ်ပါး အပြားသုံးဆယ် ငါးသွယ်စာဂ စရိယသုံးပုံ အလုံးစုံတို့ အကုန်ပြည့်လတ်မှ သဗ္ဗညုတ ဉာဏ်တော်မြတ်ကို ရရှိတော်မူရာ ယင်း ဉာဏ်တော် မြတ်ပိုင်ရှင် ဘုရားသခင်သည် ဝေနေယျကြွာ သတ္တဝါတို့ သံသရာ နခမ်းသတ်၍ ဝဋ်စခန်း ပြတ်ဖို့ရာအတွက် သာသနာ့ နိုင်ငံကို ကိုယ်တော်တိုင် တည်ထောင်တော်မူခဲ့ပေသည်။

**အာမိသအမွေ, ဓမ္မအမွေ ကြိုက်ရာယူစေ**

သုံးလောက သင်းကျစ် ဓမ္မရာဇ် မှန်ကူ သယမ္ဘူစောထိး ဘုရား ရှင် ကိုယ်တော်မြတ်ကြီး၏ ယင်း သာသနာ့နိုင်ငံတော်ကြီးတွင် အာမိသအမွေ, ဓမ္မအမွေ ဟူ၍ အမွေတော်နှစ်ပါး ထင်ရှားရှိပြန်ရာ ဆွမ်း,သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး အာမိသအမွေများဖြင့်သာ တင်းတိမ် ရောင့်ရဲသူများသည် သီလဝိသုဒ္ဓိ ဖြစ်အောင် နေ၍ အာမိသ အမွေများကို သုံးစားကြစေ၊ သီလဝိသုဒ္ဓိဖြစ်ပြီး ထိုအာမိသ အမွေများဖြင့် မတင်းတိမ်သူများသည် သံသရာနခမ်းသတ်၍ ဝဋ်စခန်းရပ်ရန် ဗောဓိပက္ခိယ ၃၇-ပါး ဓမ္မအမွေတော်များကို သုံးစားကြစေဟု အမွေတော်နှစ်ပါးကို ထားတော်မူခဲ့ပေသည်။

# နိဒါန်း

ရန်သူငါးတန် လောကအမြင်အားဖြင့် ကြည့်ရှုဆင်ခြင်ပြန် လွတ်အောင်ကြံ သော် ပစ္စည်းလေးပါး အာမိသအမွေများ သည် ရန်သူငါးတန်နှင့် ဆက်ဆံနေသဖြင့် သံသရာလွတ်လမ်းမမြင်၊ ဗောဓိပက္ခိယ ဓမ္မအမွေတော်များ သာလျှင် ရန်သူငါးတန် လက်မခံသဖြင့် သံသရာဝဋ်ပြတ်၍ အငြိမ်းဓာတ် ဆိုက်ရန် ဖြစ်ပေ၏။ ဒါကြောင့် ခမည်းတော် ဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သားတော်ရာဟုလာအား ဓမ္မအမွေ ပေး၍ ချီးမြှင့်တော်မူခဲ့ပေသည်။

ဇွဲစာပေရိပ်မြုံ ကျွန်ုပ်တို့ စာပေတိုက်မှ ထုတ်သော ရှင်ကျင့်ဝတ်စုံ "ဇွဲ-ရှင်ကျင့်ဝတ်" သည် မိမိတို့ ရင်သွေး ကလေးတို့အား သာသနာ့အမွေ ပေးလို သော မိဘများနှင့် ဒုလ္လဘရဟန်း သာမဏေများ အတွက် သာမဏေပဲ ရှင်သာမဏေ စာမေးပွဲနှင့် အရပ်ရပ် စာမေးပွဲ စာပြန်ပွဲများနှင့် ကိုက်ညီစေရန် ကျွန်ုပ်တို့ ဇွဲ-စာပုံနှိပ်တိုက်မှ အထူးစီစဉ် ရိုက်နှိပ်အပ်ပါကြောင်း။

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

ဦးဘုန်းကျော်

# မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ


(က) ပတ္ထနာအာသိသ ... ၁

## ရှင်ပြုပုံ အခြင်းအရာနှင့် မှတ်သားဘွယ်များ

၁။ ရှင်, ရဟန်းပြုပေးရန် ခွင့်ပြုတော်မူခြင်း .... ၂
၂။ ရှင်ပြုခြင်း၌ လိုရင်းအင်္ဂါ သုံးပါး .... ၃
၃။ ဆယ့်ငါးနှစ်ပြည့်မှ ရှင်ပြုရ ... ၆
၄။ ကျီးမောင်းနိုင်က ရှင်ပြုရ ... ၇

## သင်္ကန်းတောင်း စသည်

၅။ ဆရာ့ထံသို့ သင်္ကန်းအပ်ရန် .... ၉
၆။ ဆရာ့ထံမှ သင်္ကန်းတောင်းရန် .... ၉
၇။ သာမဏေအဖြစ် တောင်းရန် .... ၁၀
၈။ ကန်တော့ရန် .... ၁၁
၉။ သာမဏေ သီလ တောင်းရန် .... ၁၂
၁၀။ ဘုရားရှိခိုးရန် .... ၁၂
၁၁။ သရဏဂုံဆိုရန် .... ၁၃
၁၂။ သာမဏေ သီလဆောက်တည်ရန် .... ၁၄
၁၃။ ဥပဇ္ဈာယ်ယူရန် .... ၁၅
**သရဏဂုံ မှတ်သားဘွယ်** .... ၁၆

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ပစ္စဝေက္ခဏာ ၄-ပါး ဆင်ခြင်ပုံ** | |
| ၁၄။ | သင်္ကန်းဝတ်ရုံရာ၌ ဆင်ခြင်ရန် | — ၁၇ |
| ၁၅။ | ဆွမ်းစားရာ၌ ဆင်ခြင်ရန် | .... ၁၈ |
| ၁၆။ | ကျောင်းအိပ်ရာ နေရာ၌ ဆင်ခြင်ရန် | .... ၁၉ |
| ၁၇။ | ဆေးမှိဝဲရာ၌ ဆင်ခြင်ရန် | .... ၂၀ |
| ၁၈။ | ကြွင်းသောအသုံးအဆောင်များ ဆင်ခြင်ပုံ | .... ၂၁ |
| | ပစ္စဝေက္ခဏာ ၄-ပါး မှတ်ဘွယ် | |
| ၁၉။ | ပစ္စဝေက္ခဏာမည်ပုံ | .... ၂၂ |
| ၂၀။ | ဆင်ခြင်ရာအခါ | .... ၂၂ |
| | လိင် ၁၀-ပါး ပါဠိအနက် | .... ၂၄ |
| | **လိင် ၁၀-ပါး မှတ်ဘွယ် အဓိပ္ပာယ်** | |
| ၂၁။ | ပယောဂ ၆-ပါး | — ၂၆ |
| ၂၂။ | မုသာဝါဒ အပြစ်ကြီးပုံ | .... ၂၇ |
| ၂၃။ | ဘိက္ခုနီဒူသကနှင့် အဗြဟ္မစာရီအထူး | .... ၂၈ |
| ၂၄။ | ရဟန်းသာမဏေတို့ သေရည်သောက်ရာ၌ ထူးခြားချက် | — ၂၈ |
| | ဒဏ် ၁၀-ပါး ပါဠိအနက် | .... ၂၉ |
| | ဒဏ် ၁၀-ပါး မှတ်ဘွယ် အဓိပ္ပာယ် | — ၃၁ |
| ၂၅။ | အက္ကောသဝတ္ထု ၁၀-ပါး | .... ၃၃ |
| | **သေခိယသိက္ခာပုဒ်(၇၅) ပါဠိတော်** | .... ၃၄ |
| | **သေခိယသိက္ခာပုဒ်(၇၅) အနက်** | .... ၄၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## သေနိယဉ် မှတ်ဘွယ်

၂၆။ ပရိမဏ္ဍလဝင် .... ၅၀
၂၇။ မဝတ်ကောင်းသော ဝတ်နည်း ၆-မျိုး .... ၅၀
၂၈။ သင်္ကန်းရုံနည်း ၁၀-မျိုး .... ၅၁
၂၉။ ပရိမဏ္ဍလရုံနည်း .... ၅၁
၃၀။ ဥဇ္ဇဂ္ဃိကဝင် .... ၅၂
၃၁။ အလင်္ကာကျမ်းလာ ရယ်ခြင်း ၆-မျိုး .... ၅၂
၃၂။ ခမ္ဘကတဝင် .... ၅၃
၃၃။ သက္ကစ္စဝင် .... ၅၅
၃၄။ ကဗဠဝင် .... ၅၅
၃၅။ သုရုသုရုဝင် .... ၅၆
၃၆။ ထီးသုံးမျိုး .... ၅၇
၃၇။ ပါဒုကဝင် .... ၅၈
၃၈။ တရားမဟောကောင်းသူ သုံးမျိုး .... ၅၈
၃၉။ ယာဉ် ၆-မျိုး .... ၅၈
ခန္ဓကဝတ် ပါဠိအနက် .... ၆၁

## ဝတ်ပိုင်းမှတ်ဖွယ် အဓိပ္ပါယ်

၄၀။ အဘိဓာန်ကျမ်းလာ နက္ခတ် ၂၇-လုံး .... ၆၆
၄၁။ တာရာကြီး ၉-လုံး .... ၆၇
၄၂။ ဆရာလေးပါး .... ၆၇
၄၃။ တပည့်လေးပါး .... ၆၇
၄၄။ အထူးမှတ်ဖွယ် .... ၆၇

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ညဉ့်ရွတ်ရန် ဒေသနာတော်များ** | |
| ၄၅။ | ပဥ္စင်္ဂုတ္တရ ပါဠိတော် | .... ၆၉ |
| ၄၆။ | ကဿပဗောဇ္ဈင် | .... ၇၀ |
| ၄၇။ | မောဂ္ဂလ္လာနဗောဇ္ဈင် | .... ၇၁ |
| ၄၈။ | စုန္ဒဗောဇ္ဈင် | .... ၇၁ |
| ၄၉။ | ဒသဓမ္မသုတ် | .... ၇၂ |
| ၅၀။ | ဥဒါနဂါထာ | .... ၇၃ |
| ၅၁။ | ပဋိစ္စသမုပ္ပါဒ် | .... ၇၄ |
| ၅၂။ | အာဝေဏိက ဂုဏ်တော် | — ၇၅ |
| | **နံနက်ရွတ်စဉ်** | |
| ၅၃။ | ဒွတ္တိံသာကာရပါဠိအနက် | .... ၇၇ |
| ၅၄။ | မေတ္တာပို့ | .... ၇၈ |
| ၅၅။ | သဗ္ဗေသင်္ခါရာ စသော ရှစ်ဂါထာအနက် | .... ၈၀ |
| ၅၆။ | ဓုတင်တေရသ ဆောက်တည်ရန်ပါဠိ | .... ၈၃ |
| ၅၇။ | ဒသဓမ္မသုတ် အနက် | — ၈၅ |
| ၅၈။ | အာဝေဏိကဂုဏ်တော် အနက် | .... ၉၁ |
| | အထွေထွေ မှတ်ဖွယ် | .... ၉၆ |
| | ရဟန်းလောင်းများ မှတ်ဖွယ် | ....၁၀၇ |

# ဋွဲ-ရှင်ကျင့်ဝတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏ္ဏနာအာသီသ

သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿ စ၊ သခင်ချုပ်လေးရပ် တသိန်းကပ်လုံး ဖြည့်သုံး ပါရမီ ဂုဏ်အရည်တို့ကြောင့် စုံညီထယ်ဝါ အံ့ရှစ်ဖွာနှင့် ပြည့်စုံပေငြား သာသနာတော်မြတ်ကြီးအား၎င်း။ လောက-ဿစ၊ သောင်းလောကဓာတ် အရပ်ရပ်တွင် မှီကပ်နေငြား လောကသားများအား၎င်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါ မဆိုင်း အချိန်ရှိတိုင်း။ ဝုဍ္ဎိ၊ ဣဋ္ဌမင်္ဂလာ အဖြာဖြာတို့ စည်ပင် မြင့်မား ကြီးပွားတိုးတက်ခြင်းရှိသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။ သာသနမ္ပိ စ၊ အံ့ရှစ်ဖွာဂုဏ် ပြည့်စုံ လေအပ် သာသနာတော် မြတ်ကြီးကို၎င်း။ လောကမ္ပိ စ၊ လောကဓာတ်သား လူအများကို၎င်း။ ဒေဝါ၊ လောကဓာတ်၌ စောင့်ကြပ်ပေငြား သမ္မာဒေဝ နတ်အများတို့သည်။ ရက္ခန္တု၊ ဥပဒ်ကင်းဝေး ရန်ဘေးကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

# ရှင်ပြုပုံ အခြင်းအရာနှင့် မှတ်သားဖွယ်များ

## ရှင်, ရဟန်းပြုပေးရန် ခွင့်ပြုတော်မူခြင်း

ဗုဒ္ဓရှင်တော်မြတ်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့ကို ခေါ်တော်မူ၍ အရပ်ရပ်သို့ တရားဓမ္မ ဟောပြရန် စေလွှတ်တော်မူ၏၊ ရဟန်းတော် အရှင်မြတ်တို့၏ တရားဓမ္မ ဩဝါဒကို ကြားနာရသဖြင့် ရှင်လောင်း, ရဟန်းလောင်းတို့ကို ရလျှင် ဗုဒ္ဓရှင်တော်မြတ်ထံ ပို့ဆောင်ကြရလေကုန်၏၊ ထိုကဲ့သို့ ပို့ဆောင်ကြရသဖြင့် ရဟန်းတော်များနှင့် ရှင်လောင်း, ရဟန်းလောင်းတို့ ပင်ပန်း နွမ်းနယ်ကြသည်ကို မြင်တော်မူသဖြင့် ဗုဒ္ဓရှင်တော်မြတ်က "အနုဇာနာမိ ဘိက္ခဝေ တုမှေဝ ဒါနိ တာသု တာသု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ,ဥပသမ္ပာဒေထ=ဘိက္ခုတို့....သင်တို့သည် ရောက်ရာ ရောက်ရာ အရပ်ဒေသ ဇနပုဒ်တို့၌ သရဏဂုံ သုံးပါးဖြင့် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ပြုပေးရန် ငါဘုရား ခွင့်ပြုတော်မူ၏"ဟု မိန့်တော်မူ၏။

တချိန် ရာဓပုဏ္ဏားအား ရဟန်းပြုခွင့် ကြုံသဖြင့် ရှင်သာရိပုတ္တရာ မထေရ်မြတ်က "မည်သို့ မည်ပုံ ပြုလုပ်ရပါမည်နည်း

အရှင်ဘုရား''ဟု ဗုဒ္ဓရှင်တော်မြတ်ထံ လျှောက်ထားသောအခါ ဗုဒ္ဓရှင်တော်မြတ်ကသရဏဂုံကိုပယ်၍ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုပေးရန် ခွင့်ပြုတော်မူ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ သီတင်းသုံးတော်မူစဉ် သားတော် ရာဟုလာသည် ဗုဒ္ဓခမည်းတော်ထံ အမွေတောင်းသဖြင့် ငါ့သားတော်အား (လောကီအမွေ) အာမိသအမွေ ပေးသဖြင့် အဘယ်အကျိုး အံ့နည်း (လောကုတ္တရာအမွေ) ဓမ္မအမွေ ပေးပေတော့အံ့ဟု အကြံတော် ဖြစ်တော်မူသောကြောင့် ရှင်သာရိပုတ္တရာအား ခေါ်တော်မူခါ သားတော် ရာဟုလာအား ရှင်ပြုပေးလိုက်ဟု မိန့်တော်မူသောအခါ မည်သို့ မည်ပုံ ပြုပေးရပါမည်နည်းဟု ရှင်သာရိပုတ္တရာ လျှောက်ထားသောကြောင့် ဗုဒ္ဓရှင်တော်မြတ် က သရဏဂုံ သုံးပါးဖြင့် ရှင်ပြုပေးရန် ခွင့်ပြုတော်မူ၏။

**မှတ်ချက်။** ။ သရဏဂုံဖြင့် ရှင်ပြုသည်အရာမှာ သာသနာ တော် ကုန်ဆုံးသည့်တိုင်အောင်, ရဟန်းပြုသည့် အရာမှာ ဉတ္တိစတုတ္ထ ကမ္မဝါစာ ပညတ်တော် မမူမီသာဟု မှတ်ရမည်။

## ရှင်ပြုခြင်း၌ လိုရင်းအင်္ဂါသုံးပါး

ရှင်ပြုရာ၌ လိုရင်းအင်္ဂါများကား ''ပဌမံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ'' အစ ရှိသော ပါဠိတော်ဖြင့် အင်္ဂါသုံးပါး ပြတော်မူ၏၊ သုံးပါး ကား:—

၁။ ကေသဓေဒန=ဆံရိတ်ခြင်း၊

၂။ ကာသာယစွာဒန=သင်္ကန်းဝတ်စေခြင်း၊

၃။ သရဏ ဂမနဒါန=သရဏဂုံပေးခြင်း ဟူ၍ အင်္ဂါ သုံးပါးတည်း။

ရှင်အဖြစ်ကို ပြုပေးလိုသော ရဟန်းတော်သည် နူနာစသော ပဗ္ဗဇ္ဇ ဒေါသကင်း၍ မိဘတို့ ခွင့်ပြုအပ်သော ရှင်လောင်းကို ခေါင်းရိတ်လိုသောအခါ ဥပစာရ သိမ်တွင်းရှိ ရဟန်းအားလုံးကို ပန်ကြား၍ ရိတ်အပ်၏၊ ပန်ကြားစရာ ရဟန်းတော်များ များလွန်းနေလျှင် ခဏ္ဍသိမ်, မြစ်, သမုဒ္ဒရာသို့ သွား၍ ရိတ်အပ်၏၊ ဆံပင်ကို ရိတ်ပယ်ပြီး လာခဲ့လျှင် ကာလအားဖြင့် နှစ်လ, ပမာဏအားဖြင့် လက်နှစ်သစ်ထက် မလွန်သေးမူ ထပ်မံ၍ ရိတ်ပယ်စရာ မလိုပေ၊ ဆရာကိုယ်တိုင်ဖြစ်စေ, ရဟန်း ရှင် လူ တဦးဦးကိုဖြစ်စေ စေခိုင်း၍ ဆံရိတ်ခြင်း, သင်္ကန်းဝတ်ပေးခြင်း သည် အပ်၏၊ မစေခိုင်းသော်လည်း ဥပဇ္ဈာယ်ဆရာကို ရည်မှန်း၍ ရဟန်းငယ်က ရှင်ပြုပေးလျှင်လည်း အပ်ပါ၏၊ သရဏဂုံကို မူကား ဆရာကိုယ်တိုင် ပေးအပ်၏။

သာသနာအတွက် အားထားလောက်သော ပုဂ္ဂိုလ်ထူးဖြစ်လျှင် ဆရာကိုယ်တိုင် ရေချိုးဆိပ်သို့ ဆောင်ခြင်း၊ ချေးတွန်းပေးခြင်း၊ မိခင်ပမာ ဝဲနာ, အိုင်းနာရှိလျှင် မရွံမရှာ ပွတ်သပ်၍ ရေချိုးပေးအပ်၏၊ ဤသို့ ပြုလုပ်ပေးသဖြင့် ဤသူငယ်သည် ပျင်းရိငြီးငွေ့၍ လူထွက်လိုသော်လည်း အထက်ပါ ကျေးဇူးများကို ဆောက်ထားပြီး မထေရ်ကြီးအဖြစ်သို့ ရောက်သွား တတ်ကုန်၏။

ရေချိုးသောအခါ, ဆံရိတ်သောအခါတို့၌ သင်မူကား ဆင်ရှားပြည့်စုံသူဖြစ်၍ သင့်ကိုမှီ၍ ငါတို့မှာ ပစ္စည်းလေးပါး ဖြင့် ပြည့်စုံပေတော့အံ့ ဟူသော စကားမျိုး, သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော စကားမျိုးတို့ကို မပြော ဆိုအပ်ပေ။ ငါ့ရှင်သည် သတိ, ပညာကို ရှေ့သွားပြုလျက် မိမိ၏ ခန္ဓာကိုယ်၌ရှိသော ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေတို့သည်အဆင်းသဏ္ဍာန်အားဖြင့်၎င်း၊ မှီရာအနံ့အား ဖြင့်၎င်း မတင့်မတယ် စက်ဆုတ်ရွံရှာဘွယ်သာဖြစ်၏။ သတ္တဝါ လည်းမဟုတ်, အသက်ဇီဝလည်းမဟုတ်, လိပ်ပြာလည်း မဟုတ်ဟု ပြောကြားပေးရမည်။ ဤလို ပြောဆိုဆုံးမသဖြင့် ဗုဒ္ဓလက် ထက်တော်က သင်ဓုန်းအဆုံး၌ ရဟန္တာ ဖြစ်သွားကြသူများ အထင်အရှားရှိပေ၏။

ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီးသောအခါ လူတို့ရဲ့ အနံ့အသက် ကင်းပျောက်စေခြင်းငှါ နန္နင်းမှုန့်, နံ့သာမှုန့်တို့ဖြင့် ဦးခေါင်းနှင့် ကိုယ်ကို ပွတ်သပ်ရေချိုးပြီးသောအခါ "သကလဝဋ္ဋ"စသဖြင့် တကြိမ်ဖြစ်စေ, နှစ်ကြိမ်ဖြစ်စေ, သုံးကြိမ်ဖြစ်စေ ဆိုစေပြီးမှ သင်္ကန်းပေးအပ်၏၊ ရှင်လောင်းအား မပေးပဲ ဆရာကိုယ်တိုင် သော်၎င်း၊ ရဟန်း, ရှင်, လူ တယောက်ယောက်ကို စေခိုင်းလျှင် သော်၎င်း အပ်၏၊ ဤသင်္ကန်းကို 'ရော့ ဝတ်'ဟု ရှင်လောင်းကို ခိုင်းလျှင်လည်း အပ်ပါ၏၊ မပေးပဲ မခိုင်းပဲ ဝတ်မိလျှင် ပယ်၍ တဖန်ပေးအပ်၏၊ ရှင်လောင်းပိုင်သော သင်္ကန်းဖြစ်စေကာမူ ရဟန်းကိုယ်တိုင်သော်၎င်း၊ စေခိုင်းသဖြင့် သော်၎င်း၊ ပေးမှ အပ်၏၊ သင်္ကန်းဝတ်ပြီးနောက် ကိုယ်ဝတ်ကို စမွယ်တင်စေ၍ ထိုအရပ်၌ ရှိသော ရဟန်းတော်များ၏ခြေတို့ကို ရှိခိုးစေလျက်

ဆောင့်ကြောင့်ထိုင်စေပြီးမှ လက်အုပ်ချီစေ၍ "ယမဟံ ဝဒါမိ တံဝဒေဟိ=ငါဆိုသလို လိုက်၍ဆို"ဟု ဆရာကဆို၍ သရဏဂုံကို ပေးအပ်၏။

သရဏဂုံကိစ္စပြီးလျှင် သာမဏေ ဖြစ်လေတော့၏၊ သာမဏေ ဖြစ်ပြီးလျှင် သိက္ခာပုဒ်ဆောက်တည်စေခြင်း, ဥပဇ္ဈာယ်ယူခြင်း, ပေးခြင်းကိစ္စ ပြုပြီးနောက် သိက္ခာပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖြည့်ကျင့်တတ်အောင် ပြောပြအပ်၏၊ သိက္ခာပုဒ် နားမလည်သေး, သပိတ်, သင်္ကန်း မကိုင်ဆောင် တတ်သေး, ရပ်ခြင်း ထိုင်ခြင်း, စားသောက်ခြင်း စသည်တို့၌ လိမ္မာကျွမ်းကျင်မှု မရှိသေးလျှင် အနီးအနား၌ နေစေ၍ မိခင်ပမာ စောင့်ရှောက်အပ်၏၊ ထိုမှတပါး ကပ္ပိယ-အကပ္ပိယ, အာမာသ-အနာမာသ, အာဘိသမာစာရိကဝတ်တို့၌ လိမ္မာအောင် ပြောကြား၍ ဆုံးမအပ်၏၊ အသစ်ဖြစ်သော သာမဏေကလည်း လိင်-ဒဏ် မသင့် မထိုက်အောင် ကောင်းမွန်စွာ ကျင့်သုံးအပ်ပေ၏။

## ဆယ့်ငါးနှစ်ပြည့်မှ ရှင်ပြုရ

တောင်ငါးလုံးကာခို ရာဇဂြိုဟ်တွင် မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူစဉ်တုံးက အမျိုးတခုံးအိမ်၌ရောဂါကျရောက် ပျက်စီး ပျောက်သဖြင့် သားအဘနှစ်ဦးသာကျန်ရစ်ခဲ့ကြသဖြင့် သာသနာတွင်းဝင်၍ ရှင်,ရဟန်းပြုကြလေ၏၊ တနေ့သောအခါ ဆွမ်းခံသွားရာ၌ ဆွမ်းလောင်းပြီးသောအခါ သားငယ်ဖြစ်သော ကိုရင်ကလေးသည် ပြေးလာတဲ့၍ "ဘခင်....ကျွန်ုပ်အားလည်း ပေးပါအုံး"ဟု တောင်းခံလေ့ရှိသဖြင့် မြို့ထဲရွာထဲ၌ရှိကြသော

မြင်ကြသော သူများက ဤကလေးသည် ဘိက္ခုနီမနှင့်ရသော ကလေး ဖြစ်ဟန်တူသည်ဟု ကဲ့ရဲ့ခြင်းကြောင့် "န ဘိက္ခဝေ ဦနပန္နရသဝဿော ဒါရကော ပဗ္ဗာဇေတဗ္ဗော = ဘိက္ခုတို့.... တဆယ့်ငါးနှစ်ပြည့်မှ ရှင်ပြုပေးရမည်"ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

## ကျီးမောင်းနိုင်က ရှင်ပြုရ

အခါတပါး ဗုဒ္ဓရှင်တော်မြတ်၏ ညီတော် အရှင်အာနန္ဒာရဲ့ အလုပ်အကျွေး ဒကာတဦးလည်း တအိမ်လုံး ပျက်စီးရာ သားငယ်နှစ်ယောက်သာ ကျန်ရစ်ခဲ့ရှာ၏၊ ထိုသူငယ်ကလေးတို့သည် ရှေးအလေ့အားဖြင့် ရဟန်းတော်များတွေ့လျှင် ပြေးလာတတ်ကြရာ ကရုဏာကင်းမဲ့သော ရဟန်းတော်များက မောင်းမဲလွှတ်ခြင်းကြောင့် ငိုယိုကာနေကြသည်ကို ရှင်အာနန္ဒာ မြင်ရလျှင် ကရုဏာသက်ခြင်းကြောင့် ရှင်ပြုပေးထား ချင်သော်လည်း တဆယ့်ငါးနှစ်မပြည့်သေး၍ ရှင်ပြုမပေးဝံ့ပဲ အခက်ကြုံနေရာ မြတ်စွာဘုရားကို လျှောက်ထားသောအခါ-

ဗုဒ္ဓ.... "ချစ်သား အာနန္ဒာ....ထိုသူငယ် ကလေးများသည် မိမိတို့စားနေသော ထမင်းခွက်ထဲသို့ ကျီးလာနိုက်လျှင် ပျံသွားအောင် မောင်းနှင်နိုင်သလော" ဟု မေးတော်မူ၏။

**အာနန္ဒ** ..."မှန်လှပါ မောင်းနှင်နိုင်ပါသည် ဘုရား"ဟု လျှောက်တင်လှတ်သော်-

ဗုဒ္ဓ.... "အနုဇာနာမိ ဘိက္ခဝေ ဦနပန္နရသဝဿံ ဒါရကံ ကာကုဒ္ဒေပကံ ပဗ္ဗာဇေတုံ" ဘိက္ခုတို့.... တဆယ့်ငါးနှစ် ပင် မပြည့်သော်လည်း ကျီးမောင်းနိုင်သော သူငယ်ကို ရှင်သာမဏေပြုပေးရန် ခွင့်ပြုတော်မူ၏။

ထိုကဲ့သို့ ခွင့်ပြုတော်မူသော အခါမှစ၍ ခုနစ်သားအရွယ် ရဟန္တာဖြစ်ကြသော ရှင်ပဏ္ဍိတ, ရှင်သုခ, ရှင်သောပါက စသော သာမဏေများနှင့် အပဒါန် ပါဠိတော်လာ ငါးနှစ် သားအရွယ် ရဟန္တာသာမဏေများ နေလအသွင် ထွန်းလင်း ပေါ်ပေါက်လာရကား သာသနာငါးထောင်ပတ်လုံး ရှင်ပြု ခြင်းတို့သည် ယနေ့ထက်တိုင် သာသနာ့တော်မြတ်၌ ထင်ရှားစွာ ဖြစ်ပေါ်လျက် ရှိပါပေသည်။

ရှင်ပြုပုံအခြင်းအရာ မှတ်သားဘွယ်

ပြီးပြီ။

# သင်္ကန်းတောင်းစသည်

## ဆရာထံသို့ သင်္ကန်းအပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်းအကျိုးငှါ။ ဣမံ ကာသာဝံ၊ အကျွန်ုပ် လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန် ဘုရား။

## ဆရာ့ထံမှ သင်္ကန်း တောင်းရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်သော နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်,

ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ။ ‌တေ ကာသာဝံ၊ အရှင်ဘုရားလက်တော်၌ရှိသော ထိုသင်္ကန်းကို။ ဒတွာ၊ ပေးတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပ၊ အစဉ် သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန် ဘုရား။

## သာမဏေအဖြစ် တောင်းရန်

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ကျွတ်လွတ်ပါရခြင်းအကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက် လည်း။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ကျွတ်လွတ်ပါရခြင်းအကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံဃာရ ဝဇ္ဇ ဗုက္ခတော၊ သံဃာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ကျွတ်လွတ်ပါရခြင်းအကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ ဘုရား။

## ကန်တော့ရန်

ဩကာသ, ဩကာသ, ဩကာသ, ကာယကံ, ဝစီကံ, မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပဌမ, ဒုတိယ, တတိယ, တကြိမ်, နှစ်ကြိမ်, သုံးကြိမ် မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ, ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ်လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ် လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည်သာဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(ဘုရားအစရှိသောရတနာမြတ်သုံးပါး ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ရသော ကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့် ဘေးရန် အန္တရာယ် ဟူသမျှတို့မှ ကင်းငြိမ်း လွင့်ပျောက် မရောက်ကြကုန်သည်သာဖြစ်၍

မိမိတို့သည် အလိုရှိအပ် တောင့်တအပ်သော ဆုမြတ် အပေါင်း ကောင်းကျိုး တရားတို့နှင့် ပြည့်စုံကြသဖြင့် ပဋိဝေဓ သာသနာဟုဆိုအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန် ရရာ ရကြောင်း ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ နှစ်ဖြာ မယုတ် ကြိုးစား ပွားများ အားထုတ် နိုင်လွယ်ကြသည် ဖြစ်စေကုန်၏)

ဟောတော်မူသည့်အတိုင်း ပြည့်စုံရပါလို၏ အရှင်ဘုရား။

## သာမဏေ သီလ တောင်းရန်

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ယမဟံ ဝဒါမိ၊ တံ ဝဒေထ, တံ ဝဒေဟိ။)

အာမ ဘန္တေ။

## ဘုရားရှိခိုးရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးခေါက်ဆို)

# သရဏဂုံ ဆိုရန်

## နိဂ္ဂဟိတန္တ သရဏဂုံဆိုရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## မကာရန္တ သရဏဂုံဆိုရန်

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။
ဓမ္မမ် သရဏမ် ဂစ္ဆာမိ။
သံဃမ် သရဏမ် ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ။
တတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ။

(တိသရဏဂမနံ ပရိပုဏ္ဏံ။)

အာမ ဘန္တေ။

## သာမဏေ သီလ ဆောက်တည်ရန်

၁ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆ ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉ ဉစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ သာဓုကံ သုရက္ခိတံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။)

အာမ ဘန္တေ။

## ဥပဇ္ဈာယ်ယူရန်

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊
ဒုတိယမ္ပိ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊
တတိယမ္ပိ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အာယသ္မာ၊ သက်တော်ရှည်သော။ တွံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီး အပြစ်ငယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။

(ပါသာဒိကေန သမ္ပာဒေထ။.... ပါသာဒိကေန၊ ကြည်ညိုဘွယ်ကို ဆောင်တတ်သော ကိုယ် အမူ အရာ နှုတ်အမူအရာ အားဖြင့်။ တိဝိဓ သိက္ခံ၊ သိက္ခာသုံးရပ် သာသနာတော် မြတ်ကို။ သမ္ပာဒေထ၊ ပြည့်စုံစေကြကုန်လော့။)

အာမ ဘန္တေ။....ဘန္တေ၊ အရှင်မြတ်ဘုရား။ အာမ၊ ပြည့်စုံပါစေမည် ဘုရား။

ဥပဇ္ဈာယ်က ခွင့်လွှတ်ပုံ ဥပဇ္ဈာယ်ဆရာ၌ ပြုသင့် ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာစွာ ပရိယတ်, ပဋိပတ်တရားတို့ကို အားထုတ်၍ နေကြကုန်သေး။

ပြန်ကြား လျှောက်ထားရန် သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော ဘုရားတပည့်တော် အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာ သက်သက် ကြောင့်ကြမဲ့နေတော်မူပါ ဘုရား။

# သရဏဂုံ မှတ်သားဘွယ်

သရဏဂုံသုံးပါးသည် ဥဘတောသုဒ္ဓိ=ဆရာရော တပည့်ပါ နှစ်ဦးလုံးသန့်ရှင်းမှုဖြစ်မှ သရဏဂုံ အထမြောက်သည်၊ သန့်ရှင်းမှုဟူသည် ပီသမှုပင်တည်း၊ သို့ဖြစ်သောကြောင့် ယင်း သရဏဂုံသုံးပါးကို ရွတ်ဆိုရာ၌ ဆရာရောတပည့်ပါ နှစ်ဦးလုံး ပီသစွာ ရွတ်ဆိုရပါမည်၊ ဆရာက ပီ၍ တပည့်က မပီလျှင်သော်ရင်း တပည့်ကပီ၍ဆရာကမပီလျှင်သော်ရင်း တဦးဦးကချို့ယွင်းလျှင် သာမဏေအစစ် မဖြစ်နိုင်ပါ။

သရဏဂုံပါဠိဝယ် "ဒ္ဓံ,ဓမ်,ဃံ,ဃမ်,စ္ဆာ" တို့၌ ခပ်ပြင်းပြင်း ရွတ်ရကြောင်း သိသာရန် မျက်နှာမဲစာလုံးများဖြင့် ပြထားပါသည်။ သရဏဂုံရွတ်ဆိုရာ၌ သေးသေးတင်ဆုံးသော နိဂ္ဂဟိတန္တရွတ်နည်း, မ်-အက္ခရာဆုံးသော မကာရန္တရွတ်နည်းဟု နည်းနှစ်မျိုးရှိ၏။

နိဂ္ဂဟိတန္တရွတ်နည်း၌ "ဒ္ဓံ" ဟု ရွတ်ရာဝယ် ဒ္ဓ-နှင့်(သေးသေးတင်) နိဂ္ဂဟိတ်တို့သည် အသရတလုံးတည်းကိုသာမှီရသောကြောင့် ဒ္ဓ-သံနှင့် နိဂ္ဂဟိတ်သံတို့ကို ခွဲခြားမရအောင်တသံတည်း တစပ်တည်းရွတ်ရမည်။

မကာရန္တရွတ်နည်း၌ကား-"ဒ္ဓမ်" ဟု ရွတ်ရာဝယ် ဒ္ဓ-သည် အသရကိုမှီ၍ မ် ဗျည်းကားအသရကိုမမှီသောကြောင့် ဒ္ဓ-သံနှင့် မ်-သံကို တသံတည်း တစပ်တည်း ရွတ်၍မရပဲ ဒ္ဓ-ဟု ရွတ်ပြီးမှ မ် ကို "အဍ္ဎမတ္တာ ဗျဉ္ဇနာ" အရ တမတြာဝက်သံ မျှလောက် သီးခြားရွတ်ရပါမည်။

# ပစ္စဝေက္ခဏာ ၄-ပါး ဆင်ခြင်ပုံ

## သင်္ကန်းဝတ်ရုံရာ၌ ဆင်ခြင်ရန်

၁ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရီကောပိနပ္ပဋိစ္ဆာဒနတ္ထံ။

ယောနိသော၊ အကြောင်းအားဖြင့်။ ပဋိသင်္ခါ - ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ မှက်, ခြင်, ယင်, လေ, နေပူ,မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဟိရီကောပိနပ္ပဋိစ္ဆာဒနတ္ထံ ဧဝ၊ ဟိရီဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှါ သာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

**ဆောင်** ချမ်း,ပူကိုဖျက်၊ ခြင်, မှက်, လေ, နေ၊ ကင်း, မြွေ လွှဲသုံနိုး၊
ဟိရီဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊
ကိုယ်ကိုစမ္ပယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မသန်း၊ ဤသင်္ကန်းကို၊
ဖုံးလွှမ်း သုံးဆောင်ပါသတည်း။

## ဆွမ်းစားရာ၌ ဆင်ခြင်ရန်

၂ ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ၊ န မဒါယ၊ န မဏ္ဍနာယ၊ န ဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ၊ ယာပနာယ၊ ဝိဟိံသူပရတိယာ၊ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

ယောနိသော၊ အကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဒဝါယ၊ ရွာသူ သားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါးကစားခြင်းငှါ။ နေဝ ပဋိသေဝါမိ၊ မမှီဝဲပါ။ မဒါယ၊ လက်ဝှေ့ လက်ပမ်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ မဏ္ဍနာယ၊ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဝိဘူသနာယ၊ ကျွမ်းသမား ကချေသည် တို့ကဲ့သို့ အသားအရေ ပြည့်ဖြိုးခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဣမဿ ကာယဿ၊ ဤရူပကာယ၏။ ယာဝ ဌိတိယာဧဝ၊ တည်ရုံငှါ သာလျှင်။ ယာဝ ယာပနာယဧဝ၊ မျှတရုံငှါ သာလျှင်။ ယာဝဝိဟိံသူပရတိယာဧဝ၊ ပင်ပန်းခြင်းငြိမ်းရုံငှါသာလျှင်။ ယာဝ ဗြဟ္မစရိယာနုဂ္ဂဟာယဧဝ၊ သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယ နှစ်ပါးကိုချီးမြှောက်ရုံငှါသာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်း-အစရှိသောအာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဣတိ-ဣမိနာ ပိဏ္ဍပါတပဋိသေဝနေန၊

ဤသို့ ဆွမ်းကိုမှီဝဲသဖြင့်။ ပုရာဏံ၊ အဟောင်း ဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ နဝံ၊ အသစ်ဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊ ငါ့အား။ ယာတြာစ၊ မျှတခြင်းသည်လည်းကောင်း။ အနဝဇ္ဇတာ စ၊ အပြစ် မရှိခြင်းသည်လည်းကောင်း။ ဖာသုဝိဟာရော စ၊ ချမ်းသာစွာ နေရခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

**ဆောင်** ဤသည့်စားဘွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုး ခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှဘန်း၊ မမေ့ပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်း, သစ်၊ မဖြစ်စေမူ၊ ယာပိုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

## ကျောင်းအိပ်ရာနေရာ၌ ဆင်ခြင်ရန်

၃ ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနပဋိသလ္လာနာရာမတ္ထံ။

ယောနိသော၊ အကြောင်း အားဖြင့်။ ပဋိသင်္ခါ- ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ အိပ်ရာ နေရာ

ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက် ရုံငှါ သာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါ သာလျှင်။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ မှက်၊ ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါ သာလျှင်။ သေနာသနံ၊ အိပ်ရာ နေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဥတုပရိဿယ ဝိနောဒနပ္ပဋိသလ္လာနာရာမတ္ထံ ဧဝ၊ ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း, ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှါသာလျှင်။ သေနာသနံ၊ အိပ်ရာနေရာကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

**ဆောင်** ချမ်း, ပူကိုဖျက်၊ ခြင်, မှက်, လေ, နေ၊ ကင်း, မြွေ **ဝေးမှု**၊ ဥတု **ဘေးတျမ်း**၊ မသန်းကင်းစင်၊ စိတ်ကြည်လင် **ကြောင်း**၊ နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါသတည်း။

## ဆေးမှီဝဲရာ၌ ဆင်ခြင်ရန်

၄ ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇပရမတာယ။

ယောနိသော၊ အကြောင်း အားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ သန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာ အဆောက်အဦဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊

မှီဝဲပါ၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော။ ဝေယျာဗာဓိကာနံ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဆင်းရဲဝေဒနာတို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ယာဝ အဗျာပဇ္ဇပရမတာယ ဧဝ၊ အနာကြောင့် ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်း အကျိုးငှါ သာလျှင်။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာ အဆောက် အဦဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

ဆောင် ကျင်နာခံခက်၊ နှိပ်စက်ဘိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊
စွန့်ခွါပယ်လျှဉ်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာ
ကို၊ ကြည်သာရှင်လန်း၊ ကျင့်ဖြည့်စွမ်းဘို့၊ ရည်မှန်း သုံး
ဆောင် ပါသတည်း။

## ကြွင်းသော အသုံးအဆောင်များ၌ ဆင်ခြင်ပုံ

ဆောင် ဘိနပ်, ဆီမီး၊ ထီး, ဘောင်ခြုံးစ၊ ဟူသမျှကို၊ အေးမြ
ချမ်းပူ၊ မြေဂူသစ်ငုတ်၊ ခလုတ်ဆူးခြောင့်၊ မနှောင့်ဘေး
သျှမ်း၊ မသန်း ကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊
သာသနာကို၊ ကောင်းစွာ ကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု၊
သုံးဆောင် မှီဝဲ ပါသတည်း။

ပစ္စဝေက္ခဏာ ၄-ပါး ပါဠိ အနက် ပြီး၏။

၁၆၇၇၀

# ပစ္စဝေက္ခဏာ ၄-ပါး မှတ်ဘွယ်

ပစ္စည်း ၄-ပါး မှီဝဲသောအခါ ထိုပစ္စည်းများ အပေါ်၌ တပ်မက်ခြင်း စသော အာသဝ တရားတို့ကို ပယ်မြစ်ဘို့ရာ ဉာဏ်ဖြင့် ဆင်ခြင်ရန် ဗုဒ္ဓရှင်တော်ဘုရား ဟောကြား ဆုံးမ တော်မူခဲ့သည်။

## ပစ္စဝေက္ခဏာမည်ပုံ

အဖန်ဖန်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်မှုမျိုးကို ပစ္စဝေက္ခဏာ ခေါ်သည်။

## ဆင်ခြင်ရာအခါ

၁ ဝတ်ရုံအပ် ခင်းခြုံအပ်သော သင်္ကန်း, စောင်, အဝတ် ဟူသမျှတို့ကို ဝတ်တိုင်း, ရုံတိုင်း, သုံးဆောင်တိုင်း, သင်္ကန်း အဖြစ်ဖြင့် ဆင်ခြင်ရာသည်။

၂ စားသောက် မျိုခဲအပ်သော အစာအာဟာရဟူသမျှ တို့ကို လုပ်တိုင်း လုပ်တိုင်း ဆွမ်းအဖြစ်ဖြင့် ဆင်ခြင်ရာသည်။

၃ အိပ်စရာ, ထိုင်စရာ, ကျောင်း, ညောင်စောင်းအခင်း ခေါင်, ခြင်ထောင်, သင်ပင်ရင်းတို့ကို ဝင်တိုင်း, ထွက်တိုင်း သုံးဆောင်တိုင်း, ကျောင်းအဖြစ်ဖြင့် ဆင်ခြင်ရာသည်။

၄ အဖျော်, ပျား သကာ စသော သောက်ဖွယ် လျက်ဖွယ် ဆေး ဟူသမျှတို့ကို သောက်တိုင်း, စားတိုင်း လျက်တိုင်း, ဆေးအဖြစ်ဖြင့် ဆင်ခြင်ရာသည်။

**ဆင်ခြင်သည်** ဟူရာ၌ အနက် အဓိပ္ပါယ်ကို မသိဘဲ ပါဠိသက်သက် ရွတ်ဆိုခြင်းသည် ဆင်ခြင်သည် မမည်၊ အနက်အဓိပ္ပါယ်ကို မှတ်သား၍ ပစ္စည်းလေးပါးကို သုံးဆောင်သောအခါတိုင်း ဉာဏ်ဖြင့် ဆင်ခြင်ရသည်၊ တနေ့လုံး မဘာတ်နိုင်လျှင် အရုဏ်မတက်မီ အနည်းဆုံး တကြိမ်မျှဖြစ်စေ ဆင်ခြင်ရသည်၊ အရုဏ်တက်သည့်တိုင်အောင် တကြိမ်မျှ မဆင်ခြင်မိလျှင် ဣဏပရိဘောဂ ဖြစ်၏။ (ကြွေးတင်သည်ဟူလို)

**ဆေးပစ္စည်း၌** အထူးအားဖြင့် စားဆဲ၌ပင် ဆင်ခြင်ရသည်၊ မဆင်ခြင်မိလျှင် ရဟန်းဖြစ်လျှင် အာပတ်သင့်၏၊ ရှင်သာမဏေဖြစ်သော် ဒဏ်သင့်၏ ဒဏ်ထိုက်၏။

ပစ္စဝေက္ခဏာ ၄-ပါး မှတ်ဘွယ် ပြီး၏။

# လိင် ၁၀-ပါး ပါဠိအနက်

ဒသဟာင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

၁ ပါဏာတိပါတီ ဟောတိ။
၂ အဒိန္နာဒါယီ ဟောတိ။
၃ အဗြဟ္မစာရီ ဟောတိ။
၄ မုသာဝါဒီ ဟောတိ။
၅ သုရာမေရယမဇ္ဇပါယီ ဟောတိ။
၆ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ။
၇ ဓမ္မဿ အဝဏ္ဏံ ဘာသတိ။
၈ သံဃဿ အဝဏ္ဏံ ဘာသတိ။
၉ မိစ္ဆာဒိဋ္ဌိကော ဟောတိ။
၁၀ ဘိက္ခုနိဒူသကော ဟောတိ။

ဣမေဟိ ခေါ ဒသဟာင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။ ပါဏာတိပါတီ၊ သူ့အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အဒိန္နာဒါယီ၊ အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစာရီ၊ မမြတ်သော မေထုန် အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊ မဟုန်မမှန်သော စကားကို ပြောဆိုလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။ သုရာမေရယမဇ္ဇပါယီ၊ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့ သောစကားကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော် မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။သံဃဿ၊ သံဃာတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ၊ ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော၊ မှားသော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကိုဖျက်သည်။ ဟောတိ၊ ဖြစ်၏။ ဒသဟိ၊ ဆယ်ပါး ကုန်သော။ ဣမေဟိ ခေါ အင်္ဂေဟိ၊ ဤအကြောင်း အင်္ဂါတို့ နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေ ကို။ နာသေတဗ္ဗော၊ လိင်ပြန်စေအပ်၏။

လိင် ၁၀-ပါး ပါဠိအနက် ပြီး၏။

# လိင် ၁၀-ပါး မှတ်ဘွယ် အဓိပ္ပာယ်

လိင်ဟူသည်·လိင်္ဂဟူသောပါဠိစကားလုံးကိုဖျက်၍ သုံးထား ခြင်းဖြစ်သည်။ အမှန်အားဖြင့် လိင်္ဂသဒ္ဒါသည် အသွင်ကိုဟော ၏၊ ထိုအသွင်သည် လူ့အသွင်, သာမဏေအသွင်-ဟု နှစ်မျိုး ရှိ၏။

သာမဏေသည် လိင် ၁၀-ပါး တပါးပါး ကျူးလွန်က နှောင်စောင့်စည်းမှုမရှိလျှင် သာမဏေအသွင်မှ လူ့အသွင်သို့ လျောကျသည်ကို လိင်ကျသည်။ လူထွက်သည့် သာမဏေမှာ သာမဏေအသွင်မှ လူ့အသွင်ကို ပြန်ယူသောကြောင့် လိင်ပြန် သည်(ရှင်လိင်ပြန်)ဟု ခေါ်သည်။

လိင်ပြန်သည် ဟူသောစကားသည်-သံဝါသနာသန, လိင်္ဂ နာသန, ဒဏ္ဍကမ္မနာသန သုံးပါးတို့တွင် လိင်္ဂနာသန=အသွင် ဖျက်ဆီးခြင်းပင်တည်း။

## ပယောဂ ၆-ပါး

၁ သာဟတ္ထိက-ကိုယ်တိုင်သတ်ခြင်း။

၂ အာဏတ္တိက·စေခိုင်း၍သတ်ခြင်း။

၃ နိဿဂ္ဂိယ-ပစ်လွှတ်သောလက်နက်ဖြင့် သတ်ခြင်း။

၄ ထာဝရ-တွင်းတူးခြင်း စသော အမြဲအတည် ပြုလုပ်ထား၍ သတ်ခြင်း။

၅ ဝိဇ္ဇာမယ-အတတ်ပညာအမျိုးမျိုးဖြင့် သတ်ခြင်း။

၆ ဣဒ္ဓိမယ-တန်ခိုးဖြင့်သတ်ခြင်းဟူ၍ ၆-ပါး ရှိပါသည်။

## မုသာဝါဒ အပြစ်ကြီးပုံ

မဟုတ်မမှန်လုပ်ကြံပြောခြင်း မုသာဝါဒသည် ရဟန်းတို့၌ အလွန်အပြစ်ကြီးလေးသော စတုတ္ထပါရာဇိက အာပတ်ကိုပင် သင့်ရောက်စေတတ်၏၊ သာမဏေများအတွက်မူ အရပ်တပါးသို့ ရောက်သောအခါ ရဟန်းဟုလိမ်လည်ပြီး ဝါ-ရေတွက်ခြင်း, ရဟန်းသာမဏေတို့ ရှိခိုးခံခြင်း, ဥပုသ်-ပဝါရဏာပြုခြင်းသည် လိင်၍ ပေါင်းဖေါ်သောကြောင့် သံဝါသထေနကဖြစ်၍ ဤဘဝတွင် ရဟန်း သာမဏေမပြုနိုင်ဘဲ ဆုံးရှုံးခြင်းသို့ ရောက်ပါသည်။

ဗုဒ္ဓဿ-၌ ဗုဒ္ဓ-အရ တရားအလုံးစုံကို သိတော်မူသော သက်တော်ထင်ရှား မြတ်ဘုရားနှင့် ဓာတုစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ တို့ကို ယူပါ။

ဓမ္မဿ-၌ ဓမ္မအရ-မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ္တိ ဓမ္မ ၁၀-ပါးကို ယူပါ။

သံဃဿ-၌ သံဃာအရ-အရိယာ သံဃာရှစ်ပါးနှင့် သမ္မုတိသံဃာကို ယူပါ။

မိစ္ဆာဒိဋ္ဌိကော-၌ မိစ္ဆာဒိဋ္ဌိ-အရ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးယူပါ။

## ဘိက္ခုနီ ဒူသကနှင့် အဗြဟ္မစာရီအထူး

မေထုန်အကျင့်ဖြင့် ဘိက္ခုနီမကို ဖျက်ဆီးမှုသည် အဗြဟ္မစာရီနှင့် အင်္ဂါချင်းတူညီသော်လည်း ဘိက္ခုနီကို မေထုန်မှုဖြင့် ဖျက်ဆီးမှုသည် သာလွန်၍ အပြစ်ကြီးကြောင်း ပြလိုသောကြောင့် ဘိက္ခုနီဒူသက ထပ်မံ၍ ပညတ်တော်မူသည်။ အဗြဟ္မစာရီကို ကျူးလွန်သူသည် နောင်စောင့်စည်းက သာမဏေပြုခွင့် ရဟန်းခံခွင့်ရ၏၊ ဘိက္ခုနီဒူသက ကျူးလွန်သူသည် ရဟန်းခံခွင့် သာမဏေပြုခွင့် ဤဘဝ၌ မရရှိနိုင်တော့ပြီ။

## ရဟန်းသာမဏေတို့ သေရည်သောက်ရာ၌ ထူးခြားချက်

မဇ္ဇပါနေ ပန ဘိက္ခုနော အဇာနိတွာပိ ဗီဇတော ပဋ္ဌာယ မဇ္ဇံ ပိဝန္တဿ ပါစိတ္တိယံ။

သာမဏေရော ဇာနိတွာ ပိဝန္တော သီလဘေဒံ အာပဇ္ဇတိ။

ရဟန်းမှာ မဇ္ဇမှန်းမသိသော်လည်း ပါစိတ် အာပတ်သင့်၏။

သာမဏေကား မဇ္ဇမှန်းသိလျက်သောက်မှ သီလပျက်စီးခြင်းသို့ ရောက်၏။

**လိင် ၁၀-ပါး မှတ်ဘွယ် အဓိပ္ပါယ် ပြီး၏။**

# ဒဏ် ၁၀-ပါး ပါဠိအနက်

ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

၁ ဝိကာလဘောဇနော ဟောတိ။

၂ နစ္စ, ဂီတ, ဝါဒိတ, ဝိသုက ဒဿနော ဟောတိ။

၃ မာလာ, ဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူ
သနော ဟောတိ။

၄ ဥစ္စာသယန မဟာသယနော ဟောတိ။

၅ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော ဟောတိ။

၆ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ။

၇ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ။

၈ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ။

၉ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ။

၁၀ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ။

ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ်, ရေဒဏ် ပေးခြင်းအမှုကို။

ကာတဗ္ဗံ၊ ပြုအပ်၏။ ဝိကာလဘောဇနော၊ နေလွဲညစာ
စားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ နစ္စ ဂီတ ဝါဒိတ ဝိသူက
ဒဿနော၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှု
နားထောင်ခြင်းအလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ မာလာဂန္ဓ
ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော၊ ပန်းပန်ခြင်း, နံ့သာ
လိမ်းခြင်း, နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ်
ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာသယနမဟာသယနော၊
မြင့်သော နေရာ, မြတ်သော နေရာတို့၌ နေလေ့ရှိသည်။
ဟောတိ၊ ဖြစ်၏။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော၊ ရွှေ, ငွေ,
ဒင်္ဂါး,ပိုက်ဆံကို ကိုင်ခံလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနံ၊
ရဟန်းတို့အား။ အလာဘာယ၊ လာဘ် မရစိမ့်သောငှါ။ ပရိ
သက္ကတိ၊ အားထုတ်၏။ ဘိက္ခုနံ၊ ရဟန်းတို့အား။ အဝါ
သာယ၊ နေရာ မရစိမ့်သောငှါ။ ပရိသက္ကတိ၊ အားထုတ်၏။
ဘိက္ခုနံ၊ ရဟန်းတို့အား။ အနတ္ထာယ၊ အကျိုးမဲ့ဖြစ်စိမ့်သော
ငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။
အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ခြိမ်းခြောက်၏။
ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊ တပါးသော ရဟန်းတို့နှင့်။
ဘေဒေတိ၊ ကွဲပြားအောင် ဂုံးတိုက်၏။ ဒသဟိ၊ ဆယ်ပါး
ကုန်သော။ ဣမေဟိ ခေါ အင်္ဂေဟိ၊ ဤ အကြောင်းအင်္ဂါ
တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊
သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ်, ရေဒဏ် ပေးခြင်းအမှုကို။
ကာတဗ္ဗံ၊ ပြုအပ်၏။

ဒဏ် ၁၀-ပါး ပါဠိအနက် ပြီး၏

# ဒဏ် ၁၀-ပါး မှတ်ဘွယ် အဓိပ္ပါယ်

ဒဏ္ဍကမ္မ-သာမဏေတို့အား ဆုံးမကြောင်းဖြစ်သော အမှုကို ဒဏ္ဍ=ဒဏ်။ ထိုအမှုမျိုးကိုပင် ပြုလုပ်အပ်သောကြောင့် ကံမှုဟု ဆိုသည်။ တနည်း ဤနေရာသို့ မသွားရ မလာရ စသည် တားမြစ်ခြင်း, ရေခပ် ထင်းသဲတို့ကို သယ်ဆောင်စေခြင်းစသော ကိစ္စမျိုးသည် နှိပ်ကွပ် ဆုံးမကြောင်းဖြစ်၍ ဒဏ္ဍကံမှုဟုမှတ်ပါ။

**နစ္စ**-ဟူသည် ယုတ်စွာ့အဆုံး ဥဒေါင်း, မျောက် စသည်တို့ က,ခြင်းသည်လည်း နစ္စ မည်၏။

**ဂီတ**-ဟူသည် အယုတ်အားဖြင့် လေချွန်ခြင်းသည်လည်း ဂီတပင်ဖြစ်၏။ တေးသံပါသော တရားမျိုးနာလျှင် သာမဏေ တို့ ဒဏ်, ဥပုသ်သည်တို့ သိက္ခာပုဒ်ပျက်၏။ သံဝေဂကမ္မဋ္ဌာန်း တေးသီချင်းများ မအပ်၊ တေးနှင့် စပ်၍ ဖြစ်ပေါ်လာသော တရားကား အပ်၏။

**ဝါဒိတ**-ဟူသည် ယုတ်စွအဆုံး ရေ၌ အိုးမှောက်၍ တီးခြင်း သည်လည်း ဝါဒိတ မည်၏။

**ဝိသူက**-ဟူသည် က,ခြင်း, သီချင်း, တီးမှုတ်ခြင်း, ကစားခြင်း အမျိုးမျိုးတို့ပင်တည်း၊ ငြောင့်တံကျင်သဘွယ် ဖြစ်သော က,ခြင်း စသည်တို့ကို ကြည့်ရှု နားထောင်ခြင်းသည် ဝိသူက ဒဿန မည်၏။ ဤနေရာ၌ ဒဿန-သဒ္ဒါဖြင့် သဝန-ကိုပါ ယူပါ။ ဒဿနံသဝနော-ဟု ဆိုလိုလျက် ဝိရူပေကသေသ နည်းအားဖြင့် သဝနံသဒ္ဒါကို ချေထားပါသည်။

**အမှာ**....ကြည့်ရှုနားထောင်လို၍ တနေရာမှ တနေရာသို့ သွား၍ ကြည့်ရှုမှု လွန်ကျူးသဖြင့် ဒဏ်ထိုက်၏။ မိမိနေရာ၌ ထိုင်နေစဉ် ခရီးသွားစဉ် ရင်ဆိုင်ပက်ပင်းတိုး၍ ကြည့်ရှုအံ့ ကျူးလွန်သည် မမည်,ဝိနည်းပြစ်မရှိ။

အဝတ်, ဖေါ့, စက္ကူ စသည်တို့ဖြင့် ပြုလုပ်ထားသော ပန်းဟူသမျှ ပန်ဆင်ခြင်းသည်လည်း **မာလာဓာရဏ** မည်၏။ ပန်းဟူသမျှ ခန္ဓာကိုယ်တခုခုဖြင့် သာမဏေများ မဆောင်အပ် မပန်အပ်။

သနပ်ခါး, ပေါင်ဒါ, နံ့သာမှုန့်တို့ဖြင့် **အသားနိမ့်ရာအရပ်၌** ပြည့်ဖြိုးအောင် တန်ဆာဆင်ခြင်းသည် **ဂန္ဓမဏ္ဍန** မည်၏။

နံ့သာပျောင်းတို့ဖြင့် အရေအဆင်း လှပအောင် **အနံ့** ကောင်းအောင် ပြုခြင်းသည် **ဝိလေပနဓာရဏ** မည်၏။ ဆေးအလို့ငှာ သုံးစွဲမှုအပ်ပါ၏။ စေတီပူဇော်ရန် ယူဆောင်လာသည်ကို ခံယူအပ်ပါ၏။

ဥစ္စာသယန ဟူသည် အပေါင်အောက် ပကတိလူတို့ တထောင့်ထွာထက် လွန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်သည် **ဥစ္စာသယန** မည်၏။ တတောင့်ထွာအောက် ဖြတ်၍ သုံးမှု တထောင့်ထွာတိတိရှိမှု အပ်၏။ ဥစ္စာသယန မမည်။

မဟာသယန-ဟူသည် ခြင်္သေ့, သစ်, ကျား အရုပ် စသည်များဖြင့် အခြေတပ်သော ပလ္လင်, လဲသွပ်အခင်း, သားမွေးကော်ဇောတို့သည် **မဟာသယန** မည်၏။ မဟာသယန အခင်းတို့ကို ညောင်စောင်း, အင်းပျဉ်, ကုလားထိုင် စသည်

တို့၌ ခင်း၍ မထိုင် မအိပ်ကောင်း၊ ကြမ်းပေါ်၌ကား ခင်း၍ အိပ်ကောင်း ထိုင်ကောင်း၏၊ ချည်ကော်ဇောကား ဘယ်နေရာ မဆို အပ်၏၊ လဲ့သွပ်ထားသော မွေ့ယာဖုံတို့ကိုမူ ဘယ်နေရာမှ မအိပ် မထိုင်အပ်။

ဇာတရူပဖြင့် ရွှေကိုယူပါ၊ ရဇတဖြင့် ငွေနှင့်တကွ ကျပ်ပြား ဒင်္ဂါး အရောင်းအဝယ် လုပ်နိုင်သော ကြေး, ချိပ်, ဒန်, သွတ် စသော ပိုက်ဆံ ငွေစက္ကူတို့ကို ယူပါ။ ထိုအရာဝတ္ထုများကို ကိုယ်တိုင် အလှူခံခြင်း, သူတပါးကို အလှူခံခိုင်းခြင်း, လာရောက်လှူသည်ကို မပယ်မြစ်ပဲ စိတ်ဖြင့် သာယာမှု ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ မည်၏။

## အက္ကောသဝတ္ထု ၁၀-ပါး

၁။ ဇာတိ-ဇာတ်
၂။ နာမ-အမည်
၃။ ဂေါတ္တ-အနွယ်
၄။ ကမ္မ-အလုပ်အကိုင်
၅။ သိပ္ပ-အတတ်ပညာ
၆။ အာဗာဓ-အနာရောဂါ
၇။ လိင်္ဂ-ပုံပန်းသဏ္ဌာန်
၈။ ကိလေသ-၁၀-ပါးသော ကိလေသာ
၉။ အာပတ္တိ-သင့်ရောက်သော အာပတ်
၁၀။ အက္ကောသ-ဟဲ့ ခွေးစသည် ဖြင့် ဆဲခြင်း

ပေါင်း ၁၀-ပါး။

ဒသ ၁၀-ပါး မှတ်ဘွယ် အဓိပ္ပါယ် ပြီး၏။

# သေခိယသိက္ခာပုဒ်(၇၅)ပါဠိတော်

ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

၁ *ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။
၂ ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။
၃ သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
၄ သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
၅ သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
၆ သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
၇ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
၈ ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

---

* ဤအမှတ်ဖြင့် အစ, အဆုံးပြထားသော သိက္ခာပုဒ် (၂၆)ပါး သည် သာရုပ္ပသိက္ခာပုဒ်များ ဖြစ်ပါသည်။

၉ န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၀ န ဥက္ကုဋိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဉ္စမော။

၁၁ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၂ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၃ အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၄ အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅ န ကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆ န ကာယပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇ န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈ န ဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉ န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀ န သီသပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ဥဇ္ဇဂ္ဃိကဝဂ္ဂေါ ဒုတိယော။

၂၁ န ခမ္ဘကတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၂ န ခမ္ဘကတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၃ န ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၄ န ဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၅ န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၆ *န ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၇ † သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

---

† ဤအမှတ်ဖြင့် အစ,အဆုံးပြထားသော သိက္ခာပုဒ် (၃၀) သည် ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ်များ ဖြစ်ပါသည်။

၂၈ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၉ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၃၀ သမတိတ္တိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

ခမ္ဘကတဝဂ္ဂေါ တတိယော။

၃၁ သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၂ ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၃ သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၄ သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၅ န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၆ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

၃၇ န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၈ န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ။

၃၉ နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၀ ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

၄၁ န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၂ န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

၄၃ န သ ကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၄ န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၅ န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၆ န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၇ န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၈ န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၉ န ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၀ န စပုစပုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

၅၁ န သုရုသုရု ကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၂ န ဟတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၃ န ပတ္တနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၄ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၅ န သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၅၆ † န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာ-
မိတိ သိက္ခာ ကရဏီယာ။

၅၇ ‡ န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ-
မိတိ သိက္ခာ ကရဏီယာ။

၅၈ န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

၅၉ န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

၆၀ န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

၆၁ န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

၆၂ န ဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

၆၃ န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

၆၄ န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

၆၅ န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ
ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။

---

‡ ဤအမှတ်ဖြင့် အစ, အဆုံးပြထားသော သိက္ခာပုဒ်(၁၉)ပါး
သည် ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ်များ ဖြစ်ပါသည်

၆၆ န ဝေဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ-
မီတိ သိက္ခာ ကရဏီယာ။

၆၇ န ဩဂုဏ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ-
မီတိ သိက္ခာ ကရဏီယာ။

၆၈ န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာ-
နဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၉ န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ
နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ
ကရဏီယာ။

၇၀ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ-
မီတိ သိက္ခာ ကရဏီယာ။

၇၁ န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာ-
နဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၂ န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိလာ-
နဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၃ န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ
ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၄ န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ
ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၅ ‡ န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ
ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော။

**သေခိယပါဠိပြီး၏။**

## သေခိယသိက္ခာပုဒ် (၇၅) အနက်

အာယသ္မန္တော၊ အရှင်တို့။ သေခိယာ၊ သေခိယ အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤသိက္ခာပုဒ်ကိုသည်။ ဥဒ္ဒေသံ၊ အကျဉ်းရွတ်ဆိုခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

၁-၂ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ နိဝါသေဿာမိ၊ သင်းပိုင်ကို ဝတ်အံ့။ ပါရုပိဿာမိ၊ ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၃-၄ သုပ္ပဋိစ္ဆန္နော၊ လည်,လက်ကောက်ဝတ်တို့ကိုကောင်းစွာ ဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

၅-၆ သုသံဝုတော၊ လက်,ခြေကို မကစားဘဲ ကောင်းစွာ ဣန္ဒြေကိုစောင့်စည်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

၇-၈ ဩက္ခိတ္တစက္ခု၊ လေးတောင်ခန့်မျှ ကြည့်သဖြင့် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

၉-၁၀ ဥက္ခိတ္တကာယ၊ သင်္ကန်းကို ပင့်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ပဌမော၊ ရှေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ၊ ပရိမဏ္ဍလဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။

၁၁-၁၂ ဥဇ္ဇုဂ္ဂိကာယ၊ ပြင်းစွာ ရယ်လျက်။ အန္တရယရေ၊ ရှာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

၁၃-၁၄ အပ္ပသဒ္ဒေါ၊ ငယ်သော အသံရှိသည်ဖြစ်၍။ အန္တရ ဃရေ၊ ရှာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီ ဒိဿာမိ၊ နေထိုင်အံ့။

၁၅-၁၆ ကာယပ္ပစာလကံ၊ ကိုယ်ကို လှုပ်၍ လှုပ်၍။ အန္တရ ဃရေ၊ ရှာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီ ဒိဿာမိ၊ မနေထိုင်အံ့။

၁၇-၁၈ ဗာဟုပ္ပစာလကံ၊ လက်ရုံးကို လှုပ်၍ လှုပ်၍။ အန္တရ ဃရေ၊ ရှာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီ ဒိဿာမိ၊ မနေထိုင်အံ့။

၁၉-၂၀ သီသပ္ပစာလကံ၊ ဦးခေါင်းကို လှုပ်၍ လှုပ်၍။ အန္တရ ဃရေ၊ ရှာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း, ကျင့်ခြင်း,အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ဒုတိယော၊ နှစ်ခု မြောက်သော။ ဥဇ္ဇုဂ္ဂိကဝဂ္ဂေါ၊ ဥဇ္ဇုဂ္ဂိကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၂၁-၂၂ ခမ္ဘကတော၊ ခါးကို ထောက်လျက်။ အန္တရဃရေ၊ ၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေ ထိုင်အံ့။

၂၃-၂၄ ဩဂုဏ္ဌိတော၊ ဦးခေါင်းခြုံလျက်။ အန္တရဃရေ၊ ၌။
နှ ဂမိဿာမိ၊ အံ့။ နှ နိသီဒိဿာမိ၊ အံ့။

၂၅ ဥက္ကုဋိကာယ၊ ဘဝါးဆုံနင်းလျက်။ အန္တရဃရေ၊ ၌။
နှ ဂမိဿာမိ၊ မသွားအံ့။

၂၆ ပလ္လတ္ထိကာယ၊ လက်အာယောဂပတ်၊ပုဆိုးအာယော
ဂပတ်ဖွဲ့လျက်။ အန္တရဃရေ၊ ၌။ နှ နိသီဒိဿာမိ၊
မနေထိုင်အံ့။

၂၇ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂ-
ဟေဿာမိ၊ ခံအံ့။

၂၈ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊
ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

၂၉ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့ ပဲနောက်ဟင်း
စသည်နှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊
ခံအံ့။

၃၀ သမတိတ္တိကံ၊ သပိတ်အတွင်း အနားရေးနှင့် အမျှ။
ပိဏ္ဍပါတံ၊ ကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

တတိယော၊ သုံးခုမြောက်သော။ ခမ္ဘကတဝဂ္ဂေါ၊ ခမ္ဘကဘဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။း

၃၁ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

၃၂ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊
ကို။ ဘုဉ္ဇိဿာမိ၊ အံ့။

၃၃ သပဒါနံ၊ အစဉ်အတိုင်း။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

၃၄ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့ ပဲနောက်ဟင်း စသည်နှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

၃၅ ထူပကတော၊ ဆွမ်းဦးမှ။ ဩမဒ္ဒိတွာ၊ နှိပ်၍။ ပိဏ္ဍပါတံ၊ ကို။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၃၆ သူပံ ဝါ၊ ဟင်းကို၎င်း။ ဗျဉ္ဇနံ ဝါ၊ စားမဲဟင်းလျာကို၎င်း။ ဘိယျောကမျတံ၊ များသည်ကို အလိုရှိသည်၏ အဖြစ်ကို။ ဥပါဒါယ၊ စွဲ၍။ ဩဒနေန၊ ဆွမ်းဖြင့်။ န ပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့။

၃၇ သူပံ ဝါ၊ ဟင်းကို၎င်း။ ဩဒနံ ဝါ၊ ဆွမ်းကို၎င်း။ အဂိလာနော၊ မနာမဖျားဘဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဝိညာပေတွာ၊ တောင်း၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၃၈ ဥဇ္ဈာနသညီ၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည် ဖြစ်၍။ ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊ သပိတ်ကို။ န ဩလောကေဿာမိ၊ မကြည့်အံ့။

၃၉ အတိမဟန္တံ၊ အလွန်ကြီးသော။ ကဗဠံ၊ ဆွမ်းလုပ်ကို။ န ကရိဿာမိ၊ မပြုအံ့။

၄၀ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာလောပံ၊ ဆွမ်းလုပ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို၊ ကရဏီယာ၊ ပြုအပ်၏။

စတုတ္ထော၊ လေးခုမြောက်သော။ သက္ကစ္စဝဂ္ဂေါ၊ သက္ကစ္စဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၄၁ ကဗဠေ၊ ဆွမ်းလုပ်သည်။ အနာဟဋေ၊ ခံတွင်းဝသို့ မရောက်မီ။ မုခဒ္ဒါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဖွင့်အံ့။

၄၂ ဘုဉ္ဇမာနော၊ ဆွမ်းစားသော ငါသည်။ သဗ္ဗံ ဟတ္ထံ၊ အလုံးစုံသော လက်ကို။ မုခေ၊ ခံတွင်း၌။ န ပက္ခိပိဿာမိ၊ မထည့်အံ့။

၄၃ သကဗဠေန၊ ဆွမ်းလုပ်နှင့် တကွသော။ မုခေန၊ ခံတွင်းဖြင့်။ န ဗျာဟရိဿာမိ၊ စကားမဆိုအံ့။

၄၄ ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၅ ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၆ အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ ထား၍ ထား၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၇ ဟတ္ထနိဒ္ဓုနကံ၊ လက်ကို ခါ၍ ခါ၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၄၈ သိတ္ထာဝကာရကံ၊ ဆွမ်းလုံးကို ကြဲ၍ ကြဲ၍။ န ဘုဉ္ဇိ
ဿာမိ၊ မစားအံ့။

၄၉ ဇိဝှါနိစ္ဆာရကံ၊ လျှာကို ထုတ်၍ ထုတ်၍။ န ဘုဉ္ဇိဿာမိ၊
မစားအံ့။

၅၀ စပု စပု ကာရကံ၊ စပ် စပ် အသံကို ပြု၍ ပြု၍။
န ဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။
ကရဏီယာ၊ ၏။

ပဉ္စမော၊ ငါးခုမြောက်သော၊ ကဗဠဝဂ္ဂေါ၊ ကဗဠဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။

၅၁ သုရု သုရု ကာရကံ၊ ရှုပ် ရှုပ် အသံကို ပြု၍ ပြု၍။
န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၂ ဟတ္ထနိလ္လေဟကံ၊ လက်ကို လျက်၍ လျက်၍။
န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၃ ပတ္တနိလ္လေဟကံ၊ သပိတ်ကို ခြစ်၍ ခြစ်၍။ န ဘုဉ္ဇိဿာမိ၊
မစားအံ့။

၅၄။ ဩဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကို လျက်၍ လျက်၍။
န ဘုဉ္ဇိဿာမိ၊ မစားအံ့။

၅၅ သာမိသေန၊ ဆွမ်းစသော အာမိသနှင့် တကွသော။
ဟတ္ထေန၊ လက်ဖြင့်။ ပါနီယ ထာလကံ၊ သောက်ရေ
ခွက်ကို။ န ပဋိဂ္ဂဟေဿာမိ၊ မကိုင်အံ့။

၅၆ သသိတ္ထကံ၊ ဆွမ်းလုံးနှင့်တကွသော။ ပတ္တဓောဝနံ၊
သပိတ်ဆေးရေကို။ အန္တရဃရေ၊ ၌။ န ဆဍ္ဍေဿာမိ၊
မစွန့်အံ့။

၅၇ ဆတ္တပါဏိဿ၊ ထီးလက်၌ ရှိသော။ အဂိလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

၅၈ ဒဏ္ဍပါဏိဿ၊ တုတ်, တောင်ဝှေး လက်၌ရှိသော။ အဂိလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

၅၉ သတ္ထပါဏိဿ၊ ဓားလက်နက် လက်၌ ရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၀ အာဝုဓပါဏိဿ၊ လေးလက်နက် လက်၌ ရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

ဆဋ္ဌော၊ ခြောက်ခုမြောက်သော။ သုရုသုရုဝဂ္ဂေါ၊ သုရုသုရုဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။

၆၁ ပါဒုကာရုဠှဿ၊ ခြေနင်း စီးသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၂ ဥပါဟနာရုဠှဿ၊ ဘိနပ် စီးသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၃ ယာနဂတဿ၊ ယာဉ်စီးသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၄ သယနဂတဿ၊ အိပ်ရာ၌ နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ မဟောအံ့။

၆၅ ပလ္လတ္ထိကာယ၊ လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့လျက်။ နိသိန္နဿ၊ ထိုင်သော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၆ ဝေဌိတ သီသဿ၊ ဦးရစ်ပေါင်းသော ဦးခေါင်းရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ အံ့။

၆၇ ဩဂုဏ္ဌိတ သီသဿ၊ ခြုံသော ဦးခေါင်းရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၆၈ ဆမာယံ၊ မြေ၌။ နိသီဒိတွာ၊ ၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

၆၉ နီစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသီဒိတွာ၊ နေ၍။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၇၀ ဌိတော၊ ရပ်သော ငါသည်။ နိသိန္နဿ၊ ထိုင်သော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၇၁ ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ အံ့။

၇၂ ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပထေန၊ ခရီးဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ န ဒေသေဿာမိ၊ မဟောအံ့။

၇၃ အဂိလာနေဿ၊ မနာ မဖျားသော ပုဂ္ဂိုလ်သည်။ ဌိတော၊ ရပ်လျက်။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ န ကရိဿာမိ၊ မစွန့်အံ့။

၇၄ အဂိလာနေဿ၊ မနာ မဖျားသော ပုဂ္ဂိုလ်သည်။ ဟရိတေ၊ စိမ်းသော မြက်သစ်ပင်ရှိရာအရပ်၌။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ ခေဠံ ဝါ၊ တံတွေးကိုရင်း။ န ကရိဿာမိ၊ မစွန့်အံ့။

၇၅ အဂိလာနေဿ၊ မနာ မဖျားသောပုဂ္ဂိုလ်သည်။ ဥဒကေ၊ သုံးဆောင်ကောင်းသော ရေ၌။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ ခေဠံ ဝါ၊ တံတွေးကိုရင်း။ န ကရိဿာမိ၊ မစွန့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

သတ္တမော၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပါဒုကဝဂ္ဂေါ၊ ပါဒုကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

**သေခိယအနက် ပြီး၏။**

# သေခိယဌ္ဌ မှတ်ဘွယ်

## ပရိမဏ္ဍလဝဂ်

သေခိယ-ဟူသည် 'သိက္ခိတဗ္ဗာတိ သေခိယာ'' သင်အပ်သင်ထိုက် ကျင့်အပ် ကျင့်ထိုက်သောကြောင့် သေခိယ မည်၏။ ၎င်း သေခိယ သိက္ခာပုဒ်များသည် စာရိတ္တ သိက္ခာပုဒ်များဖြစ်သောကြောင့် မသိ၍ မကျင့်လျှင် အပြစ်မရှိ။ သိလျက်မလေးစားလျှင်ကား အပြစ်ရှိ၏။ ဤနေ့ရာ၌ အပြစ်ရှိဟူသည်သာမဏေဖြစ်လျှင် ဒဏ်သင့်၍, ရဟန်းဖြစ်လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

၁-၂ သင်းပိုင်ဝတ်သည့်အခါအထက်ပိုင်းချက်ကိုဖုံးမိစေ၍အောက်ပိုင်း ဒူးဆစ်မြင်းခေါင်းရိုးအောက် လက်ရှစ်သစ်ခန့်ရှိအောင် မှန်းဆ၍ ဝတ်ခြင်းသည် ပရိမဏ္ဍလနိဝါသနမည်၏။

**မဝတ်ကောင်းသော ဝတ်နည်း ၆-မျိုး**

(၁) ဟတ္ထိသောဏ္ဍက၊ (၄) တာလဝဏ္ဋက၊
(၂) မစ္ဆဝါလက၊ (၅) သတဝလိက၊
(၃) စတုက္ကဏ္ဏက၊ (၆) သံဝလ္လိယ၊

ပေါင်း ၆-မျိုးရှိသည်။

ကိုယ်ဝတ် သင်္ကန်းကို အနားစွန်း နှစ်ခုတို့ကို ညီစွာပြု၍ ဒူးအောက် လက်လေးသစ်ခန့် ရုံခြင်းကို ''ပရိမဏ္ဍလပါရုပနဟု ခေါ်သည်။

၃-၄ မြို့ရွာအတွင်းသွားသောအခါ အနားပတ်သီးတပ်၍ လည်ပင်း လက်ကောက်ဝတ်တို့ကို ဖုံးမိအောင် သင်္ကန်းရုံလျက် သွားခြင်းကိုသုပ္ပဋိစ္ဆန္နဂမနဖြစ်၏။လည်မျိုမှအထက် ဦးခေါင်း, လက်ကောက်ဝတ်မှ အပြင်ဘက် လက်, သလုံးသားမှ အောက် ခြေ သုံးမျိုးကိုဖော်၍ အခြားကိုယ်အင်္ဂါများ ဖုံးအုပ်နေထိုင်ခြင်းကို သုပ္ပဋိစ္ဆန္နနိသီဒန မည်၏။

## သင်္ကန်းရုံနည်း ၁၀-မျိုး

(၁) ပရိမဏ္ဍလပါရုတ၊ (၆) အန္တေပုရိက ပါရုတ၊
(၂) သေတပဋ္ဋပါရုတ၊ (၇) မဟာဇေဋ္ဌကပါရုတ၊
(၃) ပရိဗ္ဗာဇကပါရုတ၊ (၈) ကုဋ္ဋိပ္ပဝေသကပါရုတ၊
(၄) ဧကသာဋကပါရုတ၊ (၉) ဗြာဟ္မဏပါရုတ၊
(၅) သုရာသောဏ္ဍပါရုတ၊ (၁၀) ပါဠိကာရကပါရုတ၊

ဤသို့ အားဖြင့် ၁၀ ပါးရှိ၏။

ထို ၁၀-ပါးတို့တွင် ပရိမဏ္ဍလပါရုတ တပါးသာ ရဟန်း, သာမဏေတို့ ရုံကောင်း၏၊ ကျန် ၉-ပါးကား မရုံကောင်း၊ ရုံလျှင် အာပတ်, ဒုက္ကဋ်သင့်၏။

## ပရိမဏ္ဍလ ရုံနည်း

ဂိဟိပါရုတံ အပါရုပိတွာ ဥဘောကဏ္ဏေ သမံ ကတွာ ပါရုပနံ ပရိမဏ္ဍလပါရုပနံ နာမ။ (ကင်္ခါ)

လူတို့ရှိနည်းကို မရှိမူ၍ အနားစွန်းနှင်ခု ညီစွာပြု၍ ဝတ်ခြင်းကို အဝန်းညီစွာ ဝတ်ခြင်း "ငရိဏ္ဏလနုပါရုပန" မည်၏။

၅-၆ မြို့ရွာတွင်း၌ သွားလာနေထိုင်သောအခါ လက်ခြေတို့ကို ဆော့မော့ကစားလျက် သွားလာနေထိုင်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ထိုသို့မဟုတ်ပဲ လက်ခြေတို့ကို ငြိမ်ငြိမ်သက်သက်ကလေးရှိရှိ စောင့်စည်းလျက် သွားလာနေထိုင်ခြင်းကို သုသံဝုတခေါ်သည်။

၇-၈ ရထားထမ်းပိုး တပြန် လေးတောင်ခန့်ထက် ပို၍ မကြည့်အပ်၊ ဤနေရာ၌ လေးတောင်ဟူသည် လက်သွားတို့အတောင် (ဝဍ္ဎကီဟတ္ထ) လေးတောင်ကို ရည်၍ ဆိုသည်။ ဘေးရန်ရှိ-မရှိ ရပ်ရွာထဲ၌ ရပ်၍ အဝေးကို လှမ်း၍ကြည့်သော်လည်း အပြစ်မရှိ။

၉-၁၀ ခါးမှအထက် ခါးပန်းကြိုးစသည် ပေါ်အောင် ပင့်မြှောက်ခြင်းမပြုရ။

## ဥဇ္ဇဂ္ဃိကဝဂ်

၁၁-၁၂ ရယ်စရာတွေ့ကြုံလျှင် ပြုံးရုံသာပြုံးရသည်၊ ပြင်းပြင်းစွာ မရယ်ရ၊ ပြင်းပြင်းစွာ ရယ်၍ သွားလာနေထိုင်လျှင် အပြစ်ရှိ၏။

### အလက်ခကျမ်းလာ ရယ်ခြင်း ၆-မျိုး

၁။ ပြုံးရုံမျှသည် သိတ၊

၂။ အနည်းငယ်သွားပေါ်အောင်ရယ်ခြင်းသည် ဟသိတ၊

၃။ တိုးတိုးညှင်းညှင်း အသံထွက်အောင် ရယ်ခြင်းသည် ဝိဟသိတ၊

၄။ ပခုံး, ဦးခေါင်းလှုပ်အောင်ရယ်ခြင်းသည် ဥပဟသိတ၊

၅။ မျက်ရည်ထွက်အောင် ရယ်ခြင်းသည် အပဟသိတ၊

၆။ လက်ခြေတို့ကို ပစ်၍ရယ်ခြင်းသည် အတိဟသိတ ပေါင်း ၆-မျိုး ပြား၏။

၁၃-၁၄ တဆယ့်၁၂-တောင်ထွာ အရပ်က ပိပိပြင်ပြင် နားလည်သော အသံသည် **အပ္ပသဒ္ဒ** မဟုတ်၊ **မဟာသဒ္ဒ** ဖြစ်၍ အပြစ်ရှိ၏။ တရားဟော ပရိတ်ရွတ်ဖတ်ရာ၌ အသံကျယ်သော်လည်း အပြစ်မရှိ။

၁၅-၁၆ မတုန်မလှုပ် ဖြောင့်မတ်သောကိုယ်,ငြိမ်သက်သော ဣရိယာပုထ်ဖြင့် သွားလာနေထိုင်အပ်၏။ ဤနေရာ၌ ကိုယ်အရ အထက်ပိုင်းကို ယူရမည်၊ အောက်ပိုင်း မယူရ။

၁၇-၁၈ **ဗာဟု**-အရ လက်ကောက်ဝတ်မှ ပခုံးစွန်းတိုင်အောင် ယူပါ။

## ခမ္ဘကတဝဂ်

၂၅ ခြေဖျားထောက်သွားခြင်း, ခြေဖနောင့်ထောက်သွားခြင်းကို ဥက္ကုဋိက=ဖဝါးဆွံ့နင်းဟု ခေါ်သည်။ ဤကဲ့သို့ မသွားရ။

၂၆ ဒူးနှစ်ဘက်ကို လက်ဖြင့် ပတ်ဖွဲ့လျက် ထိုင်ခြင်းသည် လက်အာယောဂပတ် မည်၏။ ဒူးဆစ် ကျောက်ဆစ်ကို အဝတ်

ဖြင့် ပတ်ဖွဲ့၍ ထိုင်ခြင်းသည် ပုဆိုးအာယောဂပတ် မည်၏။ ထိုနှစ်မျိုးဖြင့် မနေထိုင်အပ်။

၂၇ ဆွမ်းတို့ ဟင်းတို့ကို မလိုချင်သလို သွန်ပစ်ချင်သလို အရေးမစိုက်သည့် အနေမျိုးဖြင့် မခံယူဘဲ လေးလေးစားစား သတိထား၍ ခံယူခြင်းကို "သက္ကစ္စ"ဟု ခေါ်သည်။

၂၈ သပိတ်၌ အမှတ်သညာထား၍ တခြား ဟိုဟို ဒီဒီ မကြည့်ရ-မငေးရ။

၂၉ ဤသိက္ခာပုဒ်၌ လက်ကော်ရသော ပဲနောက်ဟင်း, ပဲကြီးဟင်း နှစ်မျိုးကို 'သူပ'အရ ယူရမည် ဖြစ်သော်လည်း ကုလားပဲဟင်းကိုလည်း အဋ္ဌကထာဆရာက သူပ၌ သွင်းထည့်ထားသည်။ ကြွင်းသော ဟင်းစုကို များစွာ ခံသော်လည်း အပြစ်မရှိ။ ဆေးမျိုးနှင့် ဖိတ်ကြွားတို့ထံ၌ကား ပို၍ ခံယူသော်လည်း အပြစ် မရှိပါ။

၃၀ ဤ သိက္ခာပုဒ်၌ ပိဏ္ဍပါတအရ မွန်းမလွဲမီ အပ်သော ယာဝကာလိက ဘောဇဉ်ကို ယူသဖြင့် ယာမကာလိက စသော ဝတ္ထုတို့ကို ပိုခံသော်လည်း အပြစ်မရှိ။ သပိတ်ဆိုသော်လည်း အဝိုင်သွန်လောက်သော ကွဲပေါက်မထင် မည်းနက်သော အငယ်ဆုံး သုံးစလယ်ဝင်, အကြီးဆုံး သုံးပြည်ဝင်သော သပိတ်ကိုသာ ယူရမည်။ ထိုထက် ငယ်သော, ကြီးသော သပိတ်တို့ဖြင့် ခံယူသော်လည်း အပြစ်မရှိ။ ဆွမ်းထက်တင်ထားသော သပိတ်ခွက် ပန်းကန်ဖြင့် ခံယူခြင်း။ တလုံးပြည့်၍ တလုံးဖြင့် လဲလှယ်၍ ခံယူခြင်းသည် အပ်ပါ၏။

## သက္ကစ္စဝဂ်

၃၃ ဟိုနားကဲ နှိုက်ယူလိုက်၊ သည်နားက နှိုက်ယူလိုက် မစားရ။ ခုန်ကျော်မှု မရှိဘဲ အစဉ်အတိုင်း စားခြင်းကို သပဒါန-ဆိုသည်။

၃၄ လက်ကော်ရသော ပဲနောက်ဟင်း, ပဲကြီးဟင်း, ကုလားပဲဟင်းကို ဆွမ်း၏လေးပုံတပုံသာ စားရမည်။ ဆွေမျိုးတော်သူ, ဖိတ်ကြားသူက ပေးလှူလျှင် ကြိုက်သလို စားနိုင်သည်။

၃၆ "သားငါးမပေါ်ရ" ဟု အ်စိုးရက ပိတ်ပင်သောအခါ စသည်တို့၌ အလှူရှင်တိုကဲ ဖုံးဝှက်၍ လှူလျှင်အပ်၏။

၃၇ အမျိုးမတော်သူ, မဖိတ်ကြားသူထံ မည်သည့် ပစ္စည်းမျှ မတောင်းအပ်။ သူတပါးအတွက် တောင်းမူ အပ်၏။ ဆွေမျိုးနှင့် ဖိတ်ကြားထားသူ ဖြစ်လျှင်လည်း အပ်ပါ၏။

၃၈ ကောင်းမြတ်သော စိတ်ဓာတ်ဖြင့် နဲလျှင် ပေးမည်၊ များလျှင် တောင်းမည်ဟု ကြည့်လျှင် အဖြစ်မရှိ။

၃၉ ဒေါင်းဥသည့် ကြီး၏၊ ကြက်ဥကား ငယ်လွန်း၏၊ ဒေါင်းဥနှင့် ကြက်ဥကြား ဆွမ်းလုပ်ကို ပမာဏထား၍ စားရမည်။ ကြီးလွန်းလျှင် ဒုက်ထိုက်၏။ ငယ်လွန်း၍ အပြစ်မရှိ။ ခဲဘွယ် သစ်သီးကြီးငယ် လက်သုပ် ဟင်းလျာတို့ကို မည်သည့် အနေအထားဖြစ်ဖြစ် စားကောင်း၏။

## ကဗဠဝဂ်

၄၂ "သဗ္ဗံ ဟတ္ထံ" ဟုဆိုသဖြင့် လက်အားလုံးသွင်းမှ အပြစ်ရှိသည်ဟု မယူရ၊ လက်အားလုံးတို့တွင် တချောင်းတလေမျှ မသွင်းမိစေရ၊ သွင်းလျှင် အပြစ်ရှိ၏။

၄၃ ဆွမ်းအနည်းငယ်ရှိ၍ စကားလုံး ပီသလျှင် ပြော ကောင်းပါ၏။

၄၄ မုန့်ခဲဘူယ်နှင့် သစ်သီးကြီးငယ်တို့ကို မြှောက်၍သွင်း သော်လည်း ဒ[illegible]မရှိ။ သို့သော် ယဉ်ကျေးမှုနှင့် ကန့်လန့် ဖြစ်၍ [illegible]ကောင်းပါ။

၄၅ သစ်သီးကြီးငယ် လက်သုပ် ဟင်းလျာတို့ကို ကိုက်ဖြတ် ၍ စားနိုင်ပါသည်၊ အပြစ်မရှိပါ။

၄၆ သစ်သီးကြီးငယ်တို့ကို ပါးစောင်၌ထား စားကောင်း ပါ၏။ လက်သုပ် ဟင်းလျာတို့ကိုကား မစားကောင်းပါ။

၄၇ အမှိုက်စွန့်လိုသဖြင့် လက်ခါလျှင် အပြစ်မရှိပါ။

## ဿုရု သုရုဝဂ်

၅၂ လက်ကိုလျက်၍ မစားရ၊ လက်ချောင်းကလေးများကို လည်း မလျက်ရ၊ ပြစ်ခဲသော ယာဂု, တင်လဲ, နို့ဃနာ စသည်တို့ကို လက်ချောင်းဖြင့် ကော်၍ စားကောင်း၏ဟု အဋ္ဌကထာ ဆိုသည်။

၅၃ လက်ချောင်းဖြင့် သပိတ်ကို မခြစ်အပ်, ပြစ်သောယာဂု ကိုမူကား ခြစ်ကောင်း၏။ ကုန်ကာနီး၍ စုပေါင်းကာ ခြစ်၍ စားကောင်း၏။

၅၄ နှုတ်ခမ်းကို လျှာဖြင့်မလျက်အပ်၊ နှုတ်ခမ်းချင်းပွတ်၍ သွင်းခြင်းငှါ အပ်၏။

၅၅ သံဃာခွက်, ပုဂ္ဂလိကခွက်, မိမိခွက်, မည်သူ့ခွက်မျှ မကိုင်ကောင်း။ ပေကျံလျှင် ဆေးကျောမည်ဟု စိတ်ကောင်း နှလုံးကောင်းဖြင့် ကိုင်အပ်၏။

၅၆ ဆွမ်းလုံးပါသော ရေကို မြေပေါ်သို့ သွန်၍သော အပြင်ရောက်၏၊ ထွေးခံ့, လက်ဆေးခံထဲသို့ သွန်ကောင်း၏၊ ဆွမ်းလုံးတွေ့ ဆယ်ယူပြီး ရေချည်းသက်သက် သွန်ကောင်း၏။

၅၇ ကျန်းမာလျက်ထီးကိုင်ထားသူအားတရားမဟောအပ်၊ လက်မှ လွှတ်ထားလျှင် ဟောကောင်း၏။ ကိုယ်အင်္ဂါ တစုံတခုနှင့် ထိနေသော်လည်း မကိုင်လျှင် သူတပါးက ဆောင်းပေးထားလျှင် ဟောကောင်း၏။

## ထီးသုံးမျိုး

(၁) သေတစ္ဆတ္တ-ပုဆိုးဖြူဖြင့် ပြီးသောထီး၊
(၂) ကိဋ္ဌဥ္စဆတ္တ-ဖျာဖြင့် ပြီးသောထီး၊
(၃) ပဏ္ဏစ္ဆတ္တ-သစ်ရွက်ဖြင့် ပြီးသောထီး
ပေါင်း ၃-မျိုး ရှိ၏။

ဓမ္မ-အရ ပါဠိတော်, အဋ္ဌကထာနှင့် ရာဇောဝါဒ-စသော ဓမ္မမျိုးကို ယူပါ။

၅၈ ဒဏ္ဍ-အရ မဇ္ဈိမပုရိသ လေးတောင်, ပကတိပုရိသ ၆-တောင်ရှိသော ဒုတ်, တောင်ဝှေးကို ယူရမည်။

၅၉ ဓား, လှံ,သေနတ်-စသော လက်နက်အားလုံးကို သတ္ထ အရ ယူပါ။ လက်နက်ကိုင်ထားသော ကျန်းမာသူအား တရား မဟောကောင်း, လက်ဖြင့် မကိုင်ဘဲ လွယ်ထားသူအား ဟောကောင်း၏။

၆၀ လေးသည် လင်းလေး, တူးလေး ၂-မျိုး ရှိ၏။ လေးသက်သက်, မြားနှင့်တကွ လေး, ညှို့တင်သော လေး, ညှို့မတင်သောလေး အားလုံးကို **အာဝုဓ** အရ ယူရမည်။ ကိုင်ထားလျှင် မဟောကောင်း၊ လွယ်ထားလျှင် ဟော ကောင်း၏။

## ပါဒုကဝဂ်

၆၁-၂ ပါဒုကနှင့် ဥပါဟန အထူးကား-

အဖျားဌ် ကြေးပုတပ်၍ စီးရသော ဘိနပ်ကို ပါဒုက၊

သဲကြိုးပါသော ဘိနပ်အမျိုးမျိုးနှင့် နောက်ပိတ် ဘိနပ် များကား ဥပါဟန ဤသို့ ထူးပါ၏။

## တရားမဟောကောင်းသူ သုံးမျိုး

(၁) ခြေချောင်းမသွင်း နင်းထားသူ-အက္ကန္တ၊
(၂) ခြေဖျားစွပ်သွင်း နင်းထားသူ-ပဋိမုက္က၊
(၃) ဖနောင့်ပိတ်သွင်း စီးနင်းထားသူ-ဩမုက္က၊

ဤသုံးယောက်အား တရားမဟောကောင်းပါ။

၆၃ ကျန်းမာလျက် ယာဉ်စီးသူအားသာ တရားမဟော ကောင်းသည်မဟုတ်၊ ဖျက်ထားသော လှည်းဘီးထက်၌ နေသူ အားလည်း မဟောကောင်းပါ။

## ယာဉ် ၆-မျိုး

(၁) ဝယှ-ယာဉ်ပေါင်းချုပ်၊
(၂) ရထ-ရထား၊

(၃) သကဋ္ဋ-လှည်း၊
(၄) သန္ဒမာနိကာ-ငှန်တောင်ကဲ့သို့ တပ်သောလှည်း၊
(၅) သိဝိကာ-ထမ်းစင်၊
(၆) ပါဋင်္ကီ-သံလျဉ်း·ပေါင်း ယာဉ် ၆-မျိုး ရှိ၏။

၆၄ ကျန်းမာလျက် အိပ်နေသူအား ဟောသူက ပလ္လင် ညောင်စောင်းမှာ နေလျက် ရပ်လျက် ထိုင်လျက် မဟောရ၊ လျောင်းတချင်း တူစေကာမူ ဟောသူက မနိမ့်လျှင် ဟောကောင်း၏။ လျောင်းသူက ထိုင်သူ, ရပ်သူ နှစ်မျိုး၊ ထိုင်သူက ထိုင်သူ, ရပ်သူ နှစ်မျိုး၊ ရပ်သူက ရပ်သူချင်းသာ ဟောကောင်း၏။

၆၆ ပုဝါ, ဦးထုပ်စသည်တို့ဖြင့် ဆံစမပေါ်အောင်ပုံထားသူကို ဆံစပေါ်အောင် ဖွင့်ခိုင်း၍ ဟောလျှင် ဟောကောင်း၏။

၆၇ ဦးခေါင်းခြုံထားသူကို ဦးခေါင်းပေါ်အောင်ဖွင့်ခိုင်း၍ ဟောလျှင် ဟောကောင်း၏။

၆၈ အဝတ်ဖြစ်စေ မြက်သစ်ရွက်ဖြစ်စေ ခင်းထိုင်နေသူအား တရားမဟောကောင်း။

၇၀ မထေရ်ကြီးကမေးသော်လည်း မဖြေဆိုအပ်၊ မထေရ်ကြီးအား ထ၍ မေးပါဟု မပြောအပ်၊ နံပါး၌ ရပ်နေသူအား ဖြေမည်ဟု နှလုံးသွင်း၍ ဖြေလျှင် အပ်၏။ ဉာဏ်စမ်းလို၍ မေးသော မထေရ်အား လက်အုပ်ချီ၍ပင် ဖြေဆိုနိုင်သေး၏။

၇၁ ပုစ္ဆာမေးသော်လည်း မဖြေဆိုအပ်၊ မိမိနောက်မှ လိုက်လာသူရှိလျှင် ထိုသူအား ပြောမည်ဟု ဖြေဆိုလျှင် အပ်၏၊ အတူသင်ယူအပ်သော ပါဠိမှုကို သရဇ္ဈာယ်ခြင်းငှာ အပ်၏။ ညီတူသွားသူအားလည်း ဟောကောင်း၏။

၇၂ လှည်းလမ်း၌ တလမ်းစီ ဖြင့်ရင်း၊ လမ်းမဟုတ်ချင်း ဘူသဖြင့်ရင်း ညီတူသွားရာ၌ ဟောကောင်း၏။

သေခိယဏ္ဍ မှတ်ဘွယ် ပြီး၊ပြီ။

# ခန္ဓကဝတ် ပါဠိအနက်

စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ဧထံ.... ၁-အာဂန္တုကဝတ္တံ, ၂-အာဝါသိကဝတ္တံ, ၃-ဂမိကဝတ္တံ, ၄-အနုမောဒနဝတ္တံ, ၅-ဘတ္တဂ္ဂဝတ္တံ, ၆-ပိဏ္ဍစာရိကဝတ္တံ, ၇-အာရညကဝတ္တံ, ၈-သေနာသနဝတ္တံ, ၉-ဇန္တာဃရဝတ္တံ, ၁၀-ဝစ္စကုဋိဝတ္တံ, ၁၁-ဥပဇ္ဈာယဝတ္တံ, ၁၂-သဒ္ဓိဝိဟာရိကဝတ္တံ, ၁၃-အာစရိယဝတ္တံ, ၁၄- အန္တေဝါသိကဝတ္တဉ္စာတိ ဣမာနိ စုဒ္ဒသ ခန္ဓက ဝတ္တာနိ၊ ဧတာနိ စ သဗ္ဗေသံ သဗ္ဗဒါ စ ယထာရဟံ စရိတဗ္ဗာနိ။

၁ ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။

၂ ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။

၃ တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာနမေဟိတိ။

စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိ နာမ၊ ခန္ဓကဝတ်မည်သည်တို့ကို။ ခန္ဓကေ၊မဟာဝဂ္ဂ၊ စူဠဝဂ္ဂခန္ဓကဌ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ကထံ ဝုတ္တာနိ၊ အဘယ်သို့ ဟောတော် မူအပ်ကုန်သနည်းဟူမူကား–

အာဂန္တုကဝတ္တဉ္စ၊ အရံအတွင်းသို့မဝင်မီ ဘိနပ်ချွတ်ခြင်း, ထီးရုပ်ခြင်း, ဦးခေါင်းခြုံကိုဖွင့်ခြင်း, ဦးခေါင်း၌ တင်သော သင်္ကန်းကို ပခုံးသို့ချခြင်း, အာဝါသိကရဟန်းကြီးကို ရှိခိုးခြင်း စသော အာဂန္တုက ရဟန်း, သာမဏေတို့ ပြုရသော ဝတ်ရှင်း။

အာဝါသိက ဝတ္တဉ္စ၊ အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦးကြိုဆိုခြင်း, သပိတ်,သင်္ကန်းကို လှမ်းယူခြင်း,အာဂန္တုက ရဟန်းကြီးကို ရှိခိုးခြင်း, ခြေဆေးရေ, ခြေဆေးအင်းပျဉ် စသည်ကို အနီး၌ထားခြင်း စသော အာဝါသိက ရဟန်း, သာမဏေတို့ ပြုရသောဝတ်ရှင်း။

ဂမိကဝတ္တဉ္စ၊ သစ်ဘဏ္ဍာ,မြေဘဏ္ဍာစသည်တို့ကို သိမ်းခြင်း တံခါးမ, လေသာတံခါးတို့ကို ပိတ်ခြင်း,ပန်ကြား၍ သွားခြင်း စသော ခရီးသွားအံ့သော ရဟန်း, သာမဏေတို့ ပြုရသော ဝတ်ရှင်း။

အနုမောဒနဝတ္တဉ္စ၊ မထေရ်ကြီးတရားဟောခြင်း, မထေရ်ကြီးက တိုက်တွန်းမှ ဟောခြင်း, ပန်လျှောက်၍ ဟောခြင်း စသော တရားဟောရာ၌ ပြုရသော ဝတ်ရှင်း။

ဘတ္တဂ္ဂဝတ္တ၌၊ တရားဟောခြင်း, ရဟန်းကြီးကို တိုးဝှေ့၍ မနေမထိုင်ခြင်း, ရဟန်းငယ်ကို နေရာဖြင့် မမြစ်ခြင်းစသော ဆွမ်းစားဇရပ်၌ ပြုရသော ဝတ်ရင်း။

ပိဏ္ဍစာရိကဝတ္တ၌၊ သစ်ဘဏ္ဍာ, မြေဘဏ္ဍာ စသည်တို့ကို သိမ်းခြင်း, သပိတ်ကို ရေကျင်းခြင်း, ခါးပန်းကို ဖွဲ့ခြင်း, သင်းပိုင်, သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း, သေခိယနှင့် အညီ သွားခြင်း, မနှေးမလျင် ရွာတွင်းသို့ဝင်ခြင်း, မရှည်မကြာရပ်ခြင်းစသော ဆွမ်းခံ ရဟန်း, သာမဏေတို့ ပြုရသော ဝတ်ရင်း။

အာရညကဝတ္တ၌၊ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း, မီးပွတ်ခုံ, ပွတ်ကျည်, တောင်ဝှေးထားခြင်း, အရပ်လေးမျက်နှာ တာရာ နက္ခတ်တို့ကို မှတ်သားခြင်း စသော တောနေရဟန်း သာမဏေတို့ ပြုရသော ဝတ်ရင်း။

သေနာသနဝတ္တ၌၊ ညောင်စောင်း, အင်းပျဉ်, အိပ်ရာ, နေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, ပရိဝုဏ်, ရေချိုးအိမ်, ဝစ္စကုဋိ စသည်တို့ကို တံမြက်လှည်းခြင်း စသော ကျောင်း၌ ပြုရသော ဝတ်ရင်း။

ဇန္တာဃရဝတ္တ၌၊ ပြာကို စွန့်ခြင်း တံမြက်လှည်းခြင်းစသော ချွေးဇရုံးအိမ်၌ ပြုရသော ဝတ်ရင်း။

ဝစ္စကုဋိဝတ္တ၌၊ ချောင်းဟန့်ခြင်း, သင်္ကန်းတန်း၌ သင်္ကန်းကို တင်၍ မနှေးမလျင် ဝင်ခြင်း, သင်းပိုင်ကို ပင့်၍ မဝင်ခြင်း နင်းခုံ၌ နင်းမိမှ သင်းပိုင်ကို ပင့်ခြင်း ကြမ်းသော ကနုတံ စသည်ဖြင့် မသုတ်ခြင်း, သန့်သက်ရေ ဆေးခြင်း, နင်းခုံ၌

နှင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်းစသော ကျင်ကြီးအိမ်၌ ပြုရာသော ဝတ်ရင်း။

ဥပဇ္ဈာယဝတ္တ၌၊ နံနက် စောစော ထ၍ ကိုယ်ဝတ်ကို လက်ကန်တော့ ထင်၍ မျက်သစ်ရေ ဒန်ပူကပ်ခြင်း, ယာဂု ဆွမ်းကပ်ခြင်း, သပိတ်ခွက် ဆေးခြင်း, ကျောင်းအိပ်ရာနေရာကို သုတ်သင်ခြင်း, နေလှန်းခြင်း, တံမြက်လှည်းခြင်း, နေရာခင်း ခြင်း စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရာသော ဝတ်ရင်း။

သဒ္ဓိဝိဟာရိကဝတ္တ၌၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရာသော ဝတ်ရင်း။

အာစရိယဝတ္တ၌၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကန်တော့တင်၍ မျက်သစ်ရေ ဒန်ပူကပ်ခြင်း, သပိတ်ခွက်ဆေး ခြင်း, ကျောင်းအိပ်ရာနေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, တံမြက်လှည်းခြင်း, နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါး တို့၌ တပည့်လေးပါးတို့က ပြုရာသော ဝတ်ရင်း။

အန္တေဝါသိကဝတ္တ၌၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရာသော ဝတ်ရင်း။

ဣတိ၊ ဤသို့။ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ ဤတဆယ့် လေးပါးကုန်သော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူ အပ်ကုန်၏။ တောနိ စ၊ ထိုဝတ်တို့ကိုလည်း။ သဗ္ဗေသံ၊ ခပ်သိမ်း ကုန်သော ရဟန်း, သာမဏေ တို့သည်။ သဗ္ဗဒါစ၊ အခါခပ်

သိမ်းလျှင်။ ယထာရဟံ၊ ကျင့်ထိုက်သည် အားလျော်စွာ။ စရိတဗ္ဗာနိ၊ ကျင့်အပ်ကုန်၏။

၁ ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သော ရဟန်း, သာမဏေသည်။ သီလံ၊ သီလကို။ န ပရိပူရတိ၊ ဖြည့်ကျင့်သည် မမည်။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊ ပညာနည်းသော ရဟန်း, သာမဏေသည်။ စိတ္တေကဂ္ဂံ၊ စိတ်၏ ငြိမ်သက် တည်ကြည်ခြင်းကို။ န ဝိန္ဒတိ၊ မရနိုင်။

၂ ဝိက္ခိတ္တစိတ္တော၊ လေခတ်သော တံခွန်ကဲ့သို့ ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍။ နေကဂ္ဂေါ၊ မတည်ကြည်သော ရဟန်း, သာမဏေသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန် တရားကို။ န ပဿတိ၊ မမြင်ရနိုင်။ သဒ္ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန် တရားကို။ အပဿမာနော၊ မမြင်ရသော ရဟန်း, သာမဏေသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။ န ပရိမုစ္စတိ၊ မလွတ်ရနိုင်။

၃ တသ္မာ ဟိ-တသ္မာ ဧဝ၊ ထိုကြောင့်သာလျှင်။ ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ ဗုဒ္ဓသေဋ္ဌဿ၊ ချီးမွမ်းအပ်သော သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ ဩဝါဒံ၊ အဆုံးအမတော်ကို။ ကာတွာ၊ အခိုအသေ ပြုရသောကြောင့်။ ဝါ-ပြုသည်ရှိသော်။ ဝိစက္ခဏော၊ အမြော်အမြင် ပညာမျက်စိရှိသော။ ဇိနပုတ္တော၊ ဘုရားသားတော်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဧဟိတိ၊ ရောက်ရလိမ့်သတည်း။

(အနက် ရှမ်းကလေးကျွန်း ဆရာတော် ရေးသည်)

ခန္ဓကဝတ် ပါဠိအနက် ပြီး၏။

# ဝတ်ပိုင်း မှတ်ဖွယ် အဓိပ္ပါယ်

"ခန္ဓကဝတ္တပရိယာပန္နံ အာဘိသမာစာရိကံ" ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆိုသောကြောင့် သဒ္ဓိဝိဟာရိကတပည့် စသည့်တို့က ဥပဇ္ဈာယ်ဆရာစသည်တို့၌ ပြုစုခြင်းစသော အာဘိသမာစာရိက သီလကျင့်ဝတ်မျိုးကို "ဝတ်" ဟု ခေါ်သည်။

**အဘိဓာန်ကျမ်းလာ နက္ခတ် ၂၇-လုံး**

၁ အဿဝနီနက္ခတ်
၂ ဘရဏီ
၃ ကြတ္တိကာ
၄ ရောဟဏီ
၅ မိဂသီ
၆ အဒြ
၇ ပုနဗ္ဗုသျှ
၈ ဖုသျှ
၉ အသလိဿ
၁၀ မာဃ
၁၁ ပြုဗ္ဗဖလဂုနီ
၁၂ ဥတ္တရဖလဂုနီ
၁၃ ဟဿတ
၁၄ စိတြ
၁၅ သွာတိ
၁၆ ဝိသာခါ
၁၇ အနုရာဓ
၁၈ ဇေဋ္ဌ
၁၉ မူလ
၂၀ ပြုဗ္ဗာသာဠ်
၂၁ ဥတ္တရာသာဠ်
၂၂ သရဝဏ်
၂၃ ဓနသိဋ္ဌ
၂၄ သတဘိသျှ
၂၅ ပြုဗ္ဗဘဒြပိုဒ်
၂၆ ဥတ္တရဘဒြပိုဒ်

၂၇ ရေဝတီ၊ ပေါင်း နက္ခတ် ၂၇-လုံး ဖြစ်သည်။

## တာရာကြီး ၉-လုံး

၁ ကျီးတာရာ
၂ ဟင်္သာတာရာ
၃ ပုဇွန်တာရာ
၄ ချိန်တာရာ
၅ ဆန်ကျင်တာရာ
၆ တံဝါတာရာ
၇ ဆင်တာရာ
၈ မြင်းတာရာ
၉ ဗျိုင်းတာရာ
ပေါင်း ၉-လုံး ဖြစ်ပါသည်။

## ဆရာလေးပါး

၁ နိဿယာစရိယ-နိဿယည်းပေးဆရာ၊
၂ ပဗ္ဗဇ္ဇာစရိယ-သရဏဂုံပေး၍ ရှင်ပြုပေးသောဆရာ၊
၃ ဥပသမ္ပဒါစရိယ-ကမ္မဝါစာဖတ်၍ ပဉ္စင်းပြုပေးတဲ့ဆရာ၊
၄ ဓမ္မာစရိယ-စာချပေးတဲ့ဆရာ။

## တပည့်လေးပါး

၁ နိဿယန္တေဝါသိက-နိဿယည်းယူ တပည့်၊
၂ ပဗ္ဗဇ္ဇန္တေဝါသိက-ရှင်ပြုပေးအပ်တဲ့ တပည့်၊
၃ ဥပသမ္ပဒန္တေဝါသိက- ပဉ္စင်းပြုပေးအပ်တဲ့ တပည့်၊
၄ ဓမ္မန္တေဝါသိက-စာသင်ယူ တပည့်။

## အထူးမှတ်ဘွယ်

နိဿယာစရိယနှင့် နိဿယန္တေဝါသိက, ဓမ္မာစရိယနှင့် ဓမ္မန္တေဝါသိက အစုံတို့သည် အနီးနေခိုက်သာ တာဝန်ရှိ ကုန်၏။

ပဗ္ဗဇ္ဇာခစရိယနှင့် ပဗ္ဗဇ္ဇန္တေဝါသိက, ဥပဲသမ္ပဒါစရိယနှင့် ဥပသမ္ပဒန္တေဝါသိက အစုံတို့သည် တသက်ပတ်လုံး တာဝန်ရှိကုန်၏။

"ဝတ္တံ အပရိပူရေန္တော သီလံ န ပရိပူရတိ" ဟူသော ဒေသနာအရ ဝတ်ကို မဖြည့်ကျင့်သော ရဟန်း သာမဏေသည် ဝတ်ပျက်၏၊ ဝတ်ပျက်လျှင် သီလကို ဖြည့်ကျင့်ရာမရောက်သော ကြောင့် ၁၄-ပါးသော ခန္ဓကဝတ်တို့ကို ကျင့်ကြံ ကြိုးကုတ်အားထုတ်ကုန်ရာ၏။

ဝတ်ႉပိုင်ႈမွတ်ႇၽွၺ်ႉ ၼႂ်းပွၺ်ႉ ပြီးပြီး

# ညဉ့်ရွတ်ရန် သမ္ပသာဒနီယ သုတ္တန်

# ဒေသနာတော်များ

## ပဉ္စင်္ဂုတ္တရပါဠိတော်

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ကတမေဟိ ပဉ္စဟိ....

အဿဒ္ဓေါ ဘိက္ခဝေ ဘိက္ခု ။လ။
အဟိရိကော ဘိက္ခဝေ ဘိက္ခု ။လ။
အနောတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု ။လ။
ကုသီတော ဘိက္ခဝေ ဘိက္ခု ။လ။
ဒုပ္ပညော ဘိက္ခဝေ ဘိက္ခု ။လ။

ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ကတမေဟိ ပဉ္စဟိ....

သဒ္ဓါ ဘိက္ခဝေ ဘိက္ခု ။လ။
ဟိရိမာ ဘိက္ခဝေ ဘိက္ခု ။လ။
ဩတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု ။လ။
အာရဒ္ဓဝီရိယော ဘိက္ခဝေ ဘိက္ခု ။လ။
ပညဝါ ဘိက္ခဝေ ဘိက္ခု ။လ။

ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။

## ကဿပဗောဇ္ဈင်

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ....

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ။လ။
ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ။လ။
ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ။လ။
ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ။လ။
ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ။လ။
သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ။လ။

ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

## မောဂ္ဂလ္လာန်ဗောဇ္ဈင်

သတ္တိမေ မောဂ္ဂလ္လာန ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ....

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန ။လ။
ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန ။လ။
ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန ။လ။
ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန ။လ။
ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန ။လ။
သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန ။လ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ မောဂ္ဂလ္လာန သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

## စုန္ဒဗောဇ္ဈင်

သတ္တိမေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ—

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ။လ။
ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ။လ။
ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ။လ။
ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ။လ။
ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ။လ။
သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ။လ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ဘန္တေ သတ္တ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

## ဒသဓမ္မသုတ်

ဒသိမေ ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ ကတမေ ဒသ....

၁ ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

၂ ပရပ္ပဋိဗဒ္ဓါ မေ ဇီဝိကာတိ ။ပ။ တဗ္ဗံ။

၃ အညော မေ အာကပ္ပေါ ကရဏီယောတိ ။ပ။ တဗ္ဗံ။

၄ ကစ္စိ နု ခေါ မေ အတ္တာ သီလတော န ဥပဝဒတီတိ ။ပ။ တဗ္ဗံ။

၅ ကစ္စိ နု ခေါ မံ အနုဝိစ္စ ဝိညူ သမ္ဗြဟ္မစာရီ သိလှတော
န ဥပဝဒန္တိတိ ။ပ။ တဗ္ဗံ။
၆ သမ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ
ဝိနာဘာဝေါတိ ။ပ။ တဗ္ဗံ။
၇ ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု
ကမ္မပ္ပဋိသရဏော ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ
ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒေါ ဘဝိဿာမီတိ
။ပ။ တဗ္ဗံ။
၈ ကထမ္ဘူတဿ မေ ရတ္တိဒိဝါ ဝီတိဝတ္တန္တီတိ ။ပ။ တဗ္ဗံ။
၉ ကစ္စိ နု ခေါ အဟံ သုညာဂါရေ အဘိရမာမီတိ ။ပ။
တဗ္ဗံ။
၁၀ အတ္ထိ နု ခေါ မေ ဥတ္တရိမနုဿ ဓမ္မော အလမရိယဉာဏ
ဒဿနဝိသေသော အဓိဂတော၊ သော ခေါဟံ ပစ္ဆိမေ
ကာလေ သမ္ဗြဟ္မစာရီဟိ ပုဋ္ဌော န မင်္ကု ဘဝိဿာမီတိ
ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
ဣမေ ခေါ ဘိက္ခဝေ ဒသ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ
ပစ္စဝေက္ခိတဗ္ဗာ။

## ဥဒါနဂါထာ

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

## ပဋိစ္စသမုပ္ပါဒ်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိ နိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

### ဥဒါနဂါထာ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

## အာဝေဏိက ဂုဏ်တော်

ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ တထာ မေ ဟောတု။

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ ဗျာဝဋ္ဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊ သသဒ္ဓမ္မဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သဉာတိဂဏံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု၊ မယှမေဝ စိရံ သဒါ။

ညဥ့်ရွတ်ရန် ဒေသနာတော်များ ပြီးပြီ။

# နံနက်ရွတ်စဥ်

ပုဘီးစိပ် လေးပုဒ်ကို ရှေးဦးစွာ စ၍ရွတ်၊ ရှေး၌ ရေးခဲ့ပြီ။

၁။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။ (အနုလောမ)

မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု၊ မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ၊ မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ၊ ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ၊ ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ၊ တစော ဒန္တာ နခါ လောမာ ကေသာ။ (ပဋိလောမ)

ဒွတ္တိံသာကာရပါဠိ

အနုလောမ, ပဋိလောမ ပြီး၏။

---

ဆံပင်, အမွေး, လက်သည်း - ခြေသည်း, သွား, အရေ၊ အသား, အကြော, အရိုး, ခြင်ဆီ, အညှို၊ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာ

ဟောင်း, ဦးနှောက်၊ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်။ (အနုလုံ)

ကျင်ငယ်, အစေး, နှပ်, တံတွေး, ဆီကြည်, မျက်ရည်၊ အဆီခဲ, ချွေး, သွေး, ပြည်, သလိပ်, သည်းခြေ၊ ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ၊ အဆုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး၊ အညှို, ခြင်ဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း - ခြေသည်း, အမွေး, ဆံပင်။ (ပဋိလုံ)

အနုလုံ ပဋိလုံ အနက် ပြီး၏။

---

## မေတ္တာပို့

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

သီမဋ္ဌသံဃော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။

သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု ။ပ။ ပရိဟရန္တု။

အမှာကံ ဂေါစရ ဂါမေ ဇေဋ္ဌက မနုဿာ အဝေရာ ဟောန္တု ။ပ။ ပရိဟရန္တု။

သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ။ပ။ ပရိဟရန္တု။

ပုရတ္ထိမာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊ သဗ္ဗေ သတ္တာ ။ပ။ ပရိဟရန္တု။

မေတ္တာပို့ ပြီး၏။

---

၁ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၃ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၄။ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ အတိ ဒုလ္လဘံ၊ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒီ။

၅ ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

၆ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၇ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။
၈ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဤ ဂါထာကို တနင်္ဂနွေထောင့်ကစ၍ တနင်္ဂနွေထောင့်ကျအောင် ထပ်၍ရွတ်၊ ရေး၍လည်းဆွဲထား စည်းဖြစ်၍ ဘေးရန်ကင်းသည်ဟူ၏။

ဣမာယ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ, ဓမ္မံ ပူဇေမိ, သံဃံ ပူဇေမိ။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏာ ပရိမုစ္စိဿာမိ။

နံနက် ရွတ်စဉ် ပြီး၏။

---

## သဗ္ဗေသင်္ခါရာ စသော ရှစ်ဂါထာ အနက်

၁-၂-၃ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ အကြောင်းပြုသမျှ တော့ဘူမက တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ နိဗ္ဗာန် ပညတ်နှင့်တကွ စတုဘူမိက တရားတို့သည်။ အနတ္တာ၊ အစိုးရသော ကိုယ်မဟုတ်ကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ်ဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့ မြင်သည်ရှိသော်။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သေ-ဧသော၊ ဤသို့ငြီးငွေ့သော ဝိပဿနာဉာဏ်သည်။ ဝိသုဒ္ဓိယာ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်ခြင်း၏။ မဂ္ဂေါ၊ လမ်းကြောင်းတည်း။

၄ ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သိက္ခာသုံးပါးကို ပြည့်စုံကြစေကုန်လော့။ လောကသ္မိံ၊ လူ့ရွာ၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းကို။ ဒုလ္လဘော၊ ရခဲ၏။ ဝါ-ခဲယဉ်းစွာ ရအပ်၏။ မနုဿတ္တဘာဝေါ၊ လူ၏အဖြစ်ကို။ ဒုလ္လဘော၊ ၏။ သဒ္ဓါသမ္ပတ္တိ၊ ရတနာသုံးတန် ကံ-ကံ၏အကျိုးကို ကြည်ညိုယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို။ ဒုလ္လဘာ၊ ၏။ (ဤ၌ သမ္ပတ္တိ ဟူ၍ရင်း, ခဏသမ္ပတ္တိ ဟူ၍ရင်း၊ အချို့ပါဌ်ရှိကြ၏၊) ပဗ္ဗဇိတဘာဝေါ၊ ရသေ့, ရဟန်း အဖြစ်ကို။ ဒုလ္လဘော၊ ၏။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်း တရားစကား ကြားနာရခြင်းကို။ အတိဒုလ္လဘံ၊ အလွန်ရနိုင်ခဲ၏။ ဝါ-ခဲယဉ်းစွာရအပ်၏။ ဧဝံ၊ ဤသို့။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ဩဝဒိ၊ ဆွမ်းခံပြန်တွင် ခြေဆေးအင်းပျဉ်၌ ရပ်၍ ဟောတော်မူ၏။

၅ ဘိက္ခဝေ၊ တို့။ ဒါနိ၊ ငါဘုရား ပရိနိဗ္ဗာန် လွန်ခါနီးဖြစ်သော ယခုအခါ၌။ ဟန္ဒ၊ ငါတိုက်တွန်း၏။ ဝေါ၊ သင်ချစ်သားတို့ကို။ အာမန္တယာမိ၊ ငါခေါ်၍ သိစေတော်မူ၏။ သင်္ခါရာ၊ အဆန်းအရိုး အဆိုး အကောင်း အကြောင်းပြု၍ ဖြစ်သမျှ တေဘူမက တရားတို့သည်။ ဝယဓမ္မာ၊ ပျက်စီးရခြင်း သဘော ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ သိက္ခာသုံးပါးကို ပြည့်စုံကြစေကုန်လော့။

၆ တ္တောဝဘာ စ၊ သမန္တာကစ၍ ရွတ်ဖတ်ခဲ့သမျှ ဝစီပယောဂ လုံ့လဝီရိယဖြင့်။ အမ္မေဟိ၊ ငါတို့သည်။ သမ္ဘတံ၊

ကောင်းစွာ ဆည်းပူးအပ်ပြီးသော။ ပုညသမ္မဒံ၊ ကောင်းမှု၏ ပြည့်စုံခြင်းကို။ ဝါ- ပြည့်စုံပြီးသော ကောင်းမှုကို။ သမ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ မိမိတို့ကိုယ်စီ လောကီ,လောကုတ္တရာ အလုံးစုံသော စည်းစိမ်ချမ်းသာ ပြီးစီးအောင်မြင်ခြင်းငှါ။ အနုမောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ သာဓု, သာဓု, သာဓု ခေါ်ကြစေကုန်သတည်း။

၇ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်ချမ်းသာ ပြီးစီးခြင်းငှာ။ သဗ္ဗဒါ၊ အခါခပ်သိမ်း။သဒ္ဓါယ၊သဒ္ဓါယုံကြည်ခြင်းဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တု၊ လှူဒါန်းပေးကမ်းကြစေကုန်သတည်း။ သီလံ၊ သီလကို။ ရက္ခန္တု၊ စောင့်ရှောက်ကြစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထ, ဝိပဿနာ ဘာဝနာ၌ လွန်စွာမွေ့လျော် ပျော်ပိုက်ကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ အာဂတာ၊ သမန္တာဖြင့် တရားနာရန် ဖိတ်မန်၍ လာရောက်ကြကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ မိမိတို့ ဝေယံ ဘုံဗိမာန်သို့ ပြန်သွားကြစေကုန်သတည်း။

၈ ဗလပ္ပတ္တာ၊ ကိုယ်အား, ဉာဏ်အား ဆယ်ပါးသို့ ရောက်တော်မူကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ စ၊ သဗ္ဗညုဘုရားရှင်တို့၏ငှင်း။ ပစ္စေကာနဉ္စ၊ ရှင်ပစ္စေက ဗုဒ္ဓါတို့၏ ငှင်း။ ယံ ဗလံ၊ အကြင် အားအစွမ်းသည်။ အတ္ထိ၊ ရှိ၏။ တေန ဗလေန၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါတို့၏ အားစွမ်းဖြင့်ငှင်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တေဇေန စ၊ တန်ခိုးရှိန်စော်အာနုဘော်အားဖြင့်ငှင်း။ သဗ္ဗသော၊ ဆယ်မျက်နှာရပ်ခွင် ထက်

ဝန်းကျင်မှ။ ရက္ခံ၊ ဘေးရန်အန္တရာယ် အကာအကွယ် အစောင့်အရှောက် အရံအတားကို။ ဗန္ဓာမိ၊ ဖွဲ့စည်းရံတားပါ၏။

သဗ္ဗေ သန်ါချ စဒေသာ ရှစ်ဂါထာအနက် ပြီး၏။

---

## ဓုတင်တေရသ ဆောက်တည်ရန်ပါဠိ

၁ ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ။ (ပံသုကူ ဓုတင်)

၂ စတုတ္ထ စီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ။ (တိစီဝရိက် ဓုတင်)

၃ အတိရေက လာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။ (ပိဏ္ဍပါတ် ဓုတင်)

၄ လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါန စာရိကင်္ဂံ သမာဒိယာမိ။ (သပဒါန ဓုတင်)

၅ နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ။ (ဧကာသနိက် ဓုတင်)

၆ ဒုတိယ ဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။ (ပတ္တပိုဏ် ဓုတင်)

၇ အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။ (ခလုပစ္ဆာ ဓုတင်)

၈ ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂံ သမာဒိယာမိ။ (အာရညကင် ဓုတင်)

၉ ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။ (ရုက္ခမူ ဓုတင်)

၁၀ ဆန္ဒူဥ ရုက္ခမူလဥ ပဋိက္ခိပါမိ၊ အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။ (အဗ္ဘောကာသိက ဓုတင်)

၁၁ န သုသာနံ ပဋိက္ခိပါမိ၊ သောသာနိကင်္ဂံ သမာဒိယာမိ။ (သုသာန ဓုတင်)

၁၂ သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္ထတိကင်္ဂံ သမာဒိယာမိ။ (ယထာသန္ထတိ ဓုတင်)

၁၃ သေယံျ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။ (နိသိဇ် ဓုတင်)

ဓုတင် တမှသ ဆောက်တည်ရန်ပါဠိ ဘုရားရှေ ဆရာမိဘ၏ မိမိဘာသာ ဆောက်တည်ကောင်းသည်ချည်း မှတ်လေ။

နာနာသနဘောဇနံ၊ ယာပိုတ် ပြောင်းကူး အထူးထူး သောနေရာ၌စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဧကာသနိကင်္ဂံ၊ ယာပိုတ်မလည်း တနေရာတည်း၌ စားလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏ ဆောက်တည်ပါ၏။

ဒုတိယဘာဇနံ၊ နှစ်ခုမြောက်သော ခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂံ၊ တခွက် အထီးတည်း၌သာ ဆွမ်းကို ယူခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန် စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏ ဆောက်တည်ပါ၏။

ဤနှစ်ပုဒ်အနက်ကား အများနှင့်သာ ဆက်ဆံသောကြောင့် ထုတ်၍ ရေးလိုက်သည်။

## ဒသဓမ္မသုတ် အနက်

(က) ဘိက္ခဝေ မားဖြတ်ချုပ်ရိုး ဖန်ရေဆိုးနှင့် နှမ်းညိုး ရိရှား အို-ချစ်သားတို့။ ဣမေ ဒသဓမ္မာ၊ ဤဆိုလတ္တံ့ သီးသန့် ခြားနား ဆယ်ပါးသော ကိုယ်ကျင့်တရားတို့ကို။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှုခွါ၍ မိုရာမြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သောသူသည်။အဘိဏှံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင် သုံးသပ် အောက်မေ့ အပ်ကုန်၏။ ကတမေ ဒသ၊ဆိုလိမ့်ဆယ်ပါးအဘယ်ဘာရားတို့နည်းဟူမူကား။

၁ အဟံ၊ ငါသည်။ ဝေဝဏ္ဏိယံ၊ သုံးဆောင် ဝတ်စား ကိုယ်ဟန်အားဖြင့် ခေါင်းပါး နှမ်းညစ် လူနှင့် ခြားသော အဖြစ်သို့။ အဇ္ဈုပဂတော၊ ခင်ဘွယ်မရှိ မြင်မချိအောပင် ဝိပရိ ဘာဝ ရောက်လာရသည်။ အမို၊ ဖြစ်ရချေပြီ။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှုခွါ၍ မိုရာမြင့်မောက် ရဟန်း အဖြစ်သို့ ရောက်သော သူသည်။ အဘိဏှံ၊ နေ့ရော ညဥ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့ အပ်၏။ (ဧဝံ ပစ္စဝေက္ခတော စ မာနော ပဟီယတိ)

၂ မေ၊ ငါ၏။ ဇီဝိကာ၊အသက်မသေ ရှည်နေရခြင်းသည်။ ပရပ္ပဋိဗဒ္ဓါ၊ တအိမ်တယောင်း တစလောင်းနှင့် စုဆောင်းနိုင်မှ ရသမျှဖြင့် မျှဘမှီအပ် သူတပါးနှင့်သာ စပ်ရချေ၏။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှုခွါ၍ မိုရာမြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သော သူသည်။ အဘိဏှံ၊ နေ့ရော ညဥ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် သုံးသပ် အောက်မေ့အပ်၏။ (ဧဝံ ပစ္စဝေက္ခတော ဟိ အာဇီဝေါ

ပရိသုဇ္ဈတိ၊ ပိဏ္ဍပါတော စ အပစိတော ဟောတိ၊ စတုသု ပစ္စယေယု အပ္ပစ္စဝေက္ခိတပရိဘောဂေါ နာမ န ဟောတိ)

၃ မေ-မယာ၊ ငါသည်၊ အဇ္ဇ၊ သွားဟန်, စားဟန်, အိပ်ရဟန်နှင့် ကျင့်ရန်တပါး လူနှင့်ခြားသော အာကပ္ပေါ၊ ရဟန်းထမ်းပိုး မျက်လွှာလျှိုးလျက် သွားရိုးမဆန်း စားရိုးလမ်းနှင့် ကမ္မဋ္ဌာန်းမကွာ ရဟန်းတို့ အမူအရာကို၊ ကရဏီယော၊ မဘောက်မပြား မပြောက်ကျားအောင် တရားမသွေ ပြုသင့်ပေ၏။ ဣတိ။ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှခွါ၍ မိုးရာမြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သောသူသည်၊ အဘိဏှံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ်အောက်မေ့အပ်၏။ (ဧဝံ ပစ္စဝေက္ခတော ဟိ ဣရိယာပထော သာရုပ္ပေါ ဟောတိ တိဿော သိက္ခာ ပရိပူရေန္တိ)

၄ ကစ္စိ နု ခေါ၊ ဘယ်သို့အသင့် ဘယ်သို့ကျင့်မှသာလျှင်။ မေ၊ ငါ၏။ အတ္တာ၊ နိဗ္ဗာန်ဝင့် လွန်သည့်နေ့ကို အောက်မေ့ဆင်ခြင် စိတ်အစဉ်သည်။ သီလတော၊ သူတော်နှုံးစံ ထုံးမူမှန်နှင့် မဆန်းမပြား သီလအားဖြင့်။ အတ္တာနံ၊ ပျက်ချော်ယွင်းပါး အပျင်းများ၍ တရားပေသို မိမိကိုယ်ကို၊ န ဥပဝဒတိ၊ ရှောင်မလွှတ်ဘဲ နှောင်ဝဋ်မြဲအောင် မစွပ်စွဲဘဲ ရှိပါအံ့နည်း။ ဣတိ၊ ဤသို့၊ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှခွါ၍ မိုးရာမြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သော သူသည်။ အဘိဏှံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် သုံးသပ်အောက်မေ့အပ်၏။ (ဧဝံ ပစ္စဝေက္ခတော ဟိ အဇ္ဈတ္တံ ဟိရီ သမုဋ္ဌာတိ၊ သာ တီသု ဒွါရေသု သံဝရံ သာဓေတိ တီသု

ဒွါရေသု သံဝရော စတုပါရိသုဒ္ဓိသီလံ ဟောတိ၊ သီလေ ဌိတော ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ဂဏှာတိ)

၅ ကစ္စိ နုခေါ၊ ဘယ်သို့ကျင့်မှု ဘယ်သို့ပြုမှုသာလျှင်။ မံ၊ ငါ့ကို။ ဝိညူ၊ သိက္ခာအကျင့် သင့်, မသင့်ကို နှိုင်းချင့် ထောက်ညှိ ပညာရှိကုန်သော။ သဗြဟ္မစာရီ၊ အတူပေါင်းသင်း မှုမယှဉ်းသည့် သီတင်းသုံးဖော် များသူတော်တို့သည်။ အနုဝိစ္စ၊ ပညတ်တော်ခန်း ကျင့်ဝတ်လမ်းကို ပင်ပန်းစုဒေ်း မေးစစ် ဆေး၍။ သီလတော၊ မဖြူမည်းညစ် ရှုံ့ညှံ့နှစ်သို့ အပြစ်ပေါများ သီလအားဖြင့်။ န ဥပဝဒန္တိ၊ ရှုံ့ရှာမောင်းမဲ အသင်းခွဲ၍ မစွပ် စွဲဘဲ ရှိပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ ပျော်ရာ အိမ်မှခွါ၍ မိုးရာမြင့်မောက် ရဟန်းအဖြစ်သို့ ရောက် သောသူသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။ (ဧဝံ ပစ္စဝေက္ခတော ဗဟိဒ္ဓါ သြတ္တပ္ပံ သဏ္ဌာတိ တံ တီသု ဒွါရေသု သံဝရံ သာဓေတိတိ အနန္တရနယေန ဝေဒိတဗ္ဗံ)

၆ မေ၊ ငါ့အား။ သဗ္ဗေဟိ၊ သက်ရှိသက်မဲ့ တွင်းပြင် လှဲ့၍ ဝိုင်းဖွဲ့ဝန်းအုံ အလုံးစုံကုန်သော။ ပိယေဟိ၊ အသက်သို့ရှု စိတ်ကိုပြု၍ အမှုအား ကိုးချစ်မြတ်နိုးအပ်ကုန်သော။ မနာပေဟိ၊ ကြည်လင်ရွှင်ပြုံး ရှုမဆုံးအောင် နှလုံးကိုပွားစေတတ်ကုန်သော သူတို့နှင့်။ နာနာဘာဝေါ၊ တသက်အတွင်း ပျက်မယှဉ်းဘဲ နေရင်း ရှောင်ရှား ကွေ့ကွင်း၍ သွားရခြင်း သည်ရင်း။ ဝိနာဘာဝေါ၊ ခန္ဓာကိုယ်စဲ ကံဟုန်နဲ၍ ဖြစ်မြဲတပါး ပစ်ခွဲ၍ သွားရခြင်းသည်ရင်း။ ဘဝိဿာမိ၊ စင်စစ်မသွေ ဖြစ်ရချေအံ့။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှခွါ၍ မိုးရာ

မြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သောသူသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။ (ပစ္စဝေက္ခတော ဟိ တိသု ဒွါရေသု ပမတ္တာကာရော နာမ န ဟောတိ မရဏသတိ သုပဋ္ဌိတာ ဟောတိ)

၇ အဟံ၊ ငါကား။ ကမ္မဿကော၊ ဘဝနောင်ခါကိုယ်စောင့်ပါတို့ ကံသာလျှင် မိမိဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ဘဝပြောင်းတိ နောင်ဂတိ၌ ကံ၏ဝေဘန် အမွေခံသည်။ ကမ္မယောနိ၊ ကံသာနောင်ကျိုး ဆောက်သည်ပိုး၍ အရိုးအမြစ် ဒ မျိုးစစ်သည်။ ကမ္မဗန္ဓု၊ ဘဝတိုင်းကျ ကံမှုင်းနှ၍ သဟာယချစ် အဆွေစစ်သည်။ ကမ္မပ္ပဋိသရဏော၊ ကံသာနောက်နှောင်း ဘဝကောင်းဘို့ လည်းလျောင်းမှီရာ ထောက်တည်ရာသည်။ အမှီ၊ စင်စစ်မသွေ ဖြစ်ခဲ့ချေ၏။ ကလျာဏံ ဝါ၊ အပြစ်မနှော သဘောမစောင်း မရောပေါင်း၍ ကောင်းသည်လည်းဖြစ်သော။ ပါပကံ ဝါ၊ အပြစ်နှိုးနှော သဘောတိမ်းစောင်း ရေယှက်ပေါင်း၍ မကောင်းသည်လည်းဖြစ်သော။ ယံ ကမ္မံ၊ အကြင် ကောင်း, မကောင်းမှု ကြောင်းနှစ်ခုကို။ ကရိဿာမိ၊ ကိုယ်နှုင့်နှုတ်စိုက် စိတ်လိုလိုက်၍ စရိုက်စွဲငြိ ပြုမိခဲ့သည်ဖြစ်အံ့။ တဿ၊ ထိုသို့ပြုမိ လက်ကိုင်ရှိသော မိမိကံ၏။ ဒါယာဒေါ၊ ကောင်း,မကောင်းကျိုး နောင်အားကိုးဘို့ ပွားတိုးဝေဘန် အမွေခံသည်။ ဘဝိဿာမိ၊ မချွတ်မလွဲ အမြဲမသွေ ဖြစ်ရချေအံ့။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။ (ကမ္မဿကတံ ပန ပစ္စဝေက္ခတော ပါပကရဏံ နာမ န ဟောတိ)

၈ ကထမ္ဘူတာသ၊ ဘယ်သို့စိတ်ထား ဘယ်ဖြစ်လွှားဖြင့် သလျှင်။ ဓမ၊ ငါ့အား။ ရတ္တိ ဒိဝါ၊ နေ့နေ့ညည ချိန်ကာလ တို့သည်။ ဝီတိဝတ္တန္တိ၊ ကျွမ်းကာကျွမ်းကာ လွန်ခဲ့ပါကုန်လိမ့် နည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှခွါ၍ မှီရာ မြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သော သူသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။ (ဒေဝံ ပစ္စဝေက္ခတော ဟိ အပ္ပမာဒေါ ပရိပူရတိ)

၉ ကစ္စိ နု ခေါ၊ ဘယ်သို့ခွင့်ကောင်း ဘယ်အကြောင်းဖြင့် သလျှင်။ အဟံ၊ ငါသည်။ သုညာဂါရေ၊ တောရိပ်တောင် စောင်း လိုဏ်ဂူအောင်းလျက် ရှင်ပေါင်းလူပြတ် ဆိတ်ငြိမ်ရာ အရပ်၌။ အဘိရမာမိ၊ သခ်ါရစု မမြဲမှုကို ခွဲရှုစိတ်ထား ဖန်ဖန်ပွားလျက် တရားမွေ့ကာ နေနိုင်ပါအံ့နည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှခွါ၍ မှီရာမြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သောသူသည်။ အဘိဏှံ၊ နေ့ရော ညဉ့်ပါ ဘယ်ခါ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် သုံးသပ် အောက်မေ့အပ်၏။ (ဧဝံ ပစ္စဝေက္ခတောဟိ ကာယဝိဝေကော ပရိပူရတိ)

၁၀ မေ၊ ငါ့အား။ အဓိဂတော၊ ထင်ထင်ကွင်းကွင်း သက် ရောက်သွင်း၍ ရှင်းလင်းတိပြတ် သိရအပ်သော။ အလမရိယ ဉာဏဒဿနဝိသေသော၊ ရှေးရှေးများစွာ အရိယာတို့ ကိလေ သာယုတ် အမိုက်ရှုပ်ကို မြိုက်ဖုတ်နိုင်ဘိ ဂုဏ်ထူးရှိသော။ ဥတ္တရိမနုဿဓမ္မော၊ လူလွန်လူထူး သူမြတ်မှူးတို့ အထူးရောက်

အပ် တရားမြွတ်သည်။ အတ္တိ နု ခေါ. ကိုယ်ကျိုးပွားများ ကိုယ်ကိုးစားဘို့ ထင်ရှားရှိပါ၏လော့။ သော အဟံ၊ ထိုကိုယ် ခွန်အား စွမ်းပကားနှင့် နုထွားပျိုစွာ ယခုငါသည်။ ပစ္ဆိမေ ကာလေ၊ ဇရာဒုဗ္ဗလ နာဒုက္ခနှင့် သေဝပါးနိုး မရဏစီး၍ ရှိုက် ကြီးငင်ကာ ရောက်ရသော နေ့ာက်အခါ၌။ သဗြဟ္မစာရီဟိ၊ သိတင်းသုံးဘော် များသူတော်တို့သည်။ ပုဌွာ၊ ဝိုင်းအုံစုကာ ကရုဏာနှင့် မိုရာဓမ္မ ရ,မရဟု နားဝချဉ်းကပ် မေးမြန်း အပ်သည်ရှိသော်။ မကုံ၊ မပြုမိရ စိဘ်နောင်တနှင့် မလှမျက်နှာ မသက်သာခြင်းသည်။ န ဘဝိဿာမိ၊ ဘယ်သို့အားသစ် ဘယ် သို့နှစ်မှ မဖြစ်ရဘဲ ရှိနိုင်ပါအံ့နည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ လူတို့ပျော်ရာ အိမ်မှခွါ၍ မိုရာမြင့်မောက် ရဟန်းအဖြစ်သို့ ရောက်သောသူသည်။ အဘိဏှံ၊ နေ့ရောည့်ဥ့ပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။ (ဧဝံ ပစ္စဝေက္ခန္တဿ ဟိ မောဿကြိယာ နာမ န ဟောတိ)

ဘိက္ခဝေ၊ အာဟာရရေး အိမ်စဉ်ပြေး၍ သက်မွေးနှမ်းပါး အိုချစ်သားတို့။ ဣမေခေါ ဒသဓမ္မာ၊ ဤသို့ဟောပြီး အသီးသီး ဖြင့် ကျင့်နည်း ပိုင်းခြား ဆယ်ပါးသော တရားတို့ကို။ ပဗ္ဗဇိ- တေန၊ လူတို့ပျော်ရာ အိမ်မှခွါ၍ မိုရာမြင့်မောက် ရဟန်းအဖြစ် သို့ရောက်သောသူသည်။ အဘိဏှံ၊ နေ့ရောည့်ဥ့ပါ ဘယ်ခါမ ပြတ်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်ကုန်၏။

ဒသဓမ္မသုတ်အနက် ပြီး၏။

## အာဝေဏိကဂုဏ်တော် အနက်

၁ ဗုဒ္ဓါနံ၊သဗ္ဗညုဘုရားတို့၏။ ဇီဝိတဿ၊ အသက်တော်၏။ အန္တရာယော၊ အန္တရာယ်သည်။ ဝါ–ကို။ ကေနစိ၊ တဦး တယောက်သည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။

၂ ဗုဒ္ဓါနံ၊ သဗ္ဗညု ဘုရားတို့၏။ သဗ္ဗညုတညာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏။ အန္တရာယော၊သည်။ ဝါ·ကို။ ကေနစိ၊ သည်။ ကာတုံ၊ ငှါ။ န သက္ကာ၊ နိုင်။

၃ ဗုဒ္ဓါနံ၊ တို့အား။ ဝါ·တို့၏။ အဘိဟဋ္ဌာနံ၊ ရှေးရှု ဆောင်အပ်ပြီးကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ပစ္စ- ယာနံ၊ ပစ္စည်းတို့၏။ အန္တရာယော၊ သည်။ ဝါ·ကို။ ကေနစိ၊ သည်။ ကာတုံ၊ ငှါ။ န သက္ကာ၊ မတတ်ကောင်း။

၄ ဗုဒ္ဓါနံ၊ တို့၏။ အသီတိယာ၊ ရှစ်ဆယ်သော။ အနု- ဗျဉ္ဇနာနံ၊ လက္ခဏာတော်ငယ်တို့၏ရောင်း။ ဗျာမပ္ပဘာယ ဝါ၊ တဆယ့်ရှစ်တောင် ဝန်းကျင်ဆောင်သော် အတောင်ရှစ်ဆယ် ပမာဏ နိစ္စလင်္ဂတို့ ရောင်ခြည်တော်၏ရောင်း။ ဗျာမပ္ပဘာယ ဝါ၊ အလံတော် ပမာဏ နိစ္စလင်္ဂတိ ရောင်ခြည်တော်၏ရောင်း။ အန္တရာယော၊ သည်။ ဝါ–ကို။ ကေနစိ၊ သည်။ ကာတုံ၊ ငှါ။ န သက္ကာ၊ မတတ်ကောင်း။

ဤမေသံ စတုန္နံ, သက်တော်, ဉာဏ်တော်, ပစ္စည်းတော်နှင့် ကိုယ်တော် ရောင်ခြည် ဤလေးမည်တို့၏။ အန္တရာယော၊ သည်။ ဝါ–ကို။ ကေနစိ၊ သည်။ ကာတုံ၊ ငှါ။ န သက္ကာ၊ မတတ်နိုင်။

တထာ၊ ထိုနည်းမခြား အလားတူစွာ။ မေ၊ ၏။ အန္တရာယော၊ သည်။ ဝါ-ကို။ ကေနစိ၊ သည်၊ ကာတုံ၊ ငှါ။ န သက္ကာ၊ မတတ်နိုင်သည်။ ဟောတု၊ ဖြစ်စေသတည်း။

တနည်း-တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ဟောတု၊ ဖြစ်စေသတည်း။

၁ ဗုဒ္ဓဿ၊ သစ္စာလေးရပ် သိတော်မူတတ်သော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အတီတံသေ အတီတ်အဘို့၌။ ဉာဏံ၊ ဉာဏ်တော်ကို။ (အတီတံသဉာဏ်) အပ္ပဋိဟတံ၊ တစုံတရာ ပိတ်ကာနှောင့်ယှက် မဖျက်ဆီးအပ်ပေ။

၂ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဘဂဂုဏ် ရှိတော်မူသော။ ဗုဒ္ဓဿ၊ ဘုရားရှင်၏။ အနာဂတံသေ၊ အနာဂတ် အဘို့၌။ ဉာဏံ၊ ကို ။ပ။

၃ ဗုဒ္ဓဿ၊ ဉေယျငါးအင် သိမြင်တော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်အဘို့၌။ ဉာဏံ၊ ကို။ (ပစ္စုပ္ပန္နံသဉာဏ်) အပ္ပဋိဟတံ၊ ရန်ဘက် ကိလေသာ မကွယ်ကာ မဖျက်ဆီးအပ်ပေ။

တီဟိ၊ သုံးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤ ဗုဒ္ဓ ဓမ္မတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ သော။ ဘဂဝတော၊ ၏။

၄ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်တော်ဖြင့် ပြုတော်မူအပ်သမျှ အမှုကိစ္စသည်။ (ကာယကံသည်) ဉာဏ ပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော် သို့ အစဉ်လိုက်၏။

၅ သဗ္ဗံ၊ သော။ ဝစီကမ္မံ၊ နှုတ်တော်ဖြင့် ပြောဆိုတော် မှုအပ်သမျှ အမှုကိစ္စသည်။ (ဝစီကံသည်) ဉာဏပုဗ္ဗင်္ဂမံ၊ ၏။ ဉာဏာနုပရိဝတ္တံ၊ ၏။

၆ သဗ္ဗံ၊ သော။ မနောကမ္မံ၊ စိတ်တော်ဖြင့် ကြံတော် မှုအပ်သမျှ အမှုကိစ္စသည်။ (မနောကံသည်) ဉာဏပုဗ္ဗင်္ဂမံ၊ ၏။ ဉာဏာနုပရိဝတ္တံ၊ ၏။

ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤ ဗုဒ္ဓ ဓမ္မတို့နှင့်။ သမန္နာဂတဿ၊ သော။ ဗုဒ္ဓဿ၊ သော။ ဘဂဝတော၊ ၏။ ဝါ-အား။

၇ ဆန္ဒဿ၊ ပရဟိတ ကြိယာ အာသာ ဆန္ဒတော်၏။ ဟာနိ၊ လျော့ပေါ့ညှို့ဖျင်း ဆုတ်ယုတ် နည်းပါးခြင်းသည်။ နတ္ထိ၊ မဖြစ်မရှိ။

၈ ဝီရိယဿ၊ ပရဟိတေသိတာ သမ္မာပယောဂတော်၏။ ဟာနိ၊ လျော့ပေါ့ညှို့ဖျင်း ဆုတ်ယုတ် နည်းပါးခြင်းသည်။ နတ္ထိ၊ မဖြစ် မရှိ။

၉ ဓမ္မဒေသနာယ၊ တရားဒေသနာတော်၏။ ဟာနိ၊ သည်။ နတ္ထိ၊ မဖြစ် မရှိ။

၁၀ သမာဓိဿ၊ သမာဓိတော်၏။ ဟာနိ၊ သည်။ နတ္ထိ၊ မရှိ။

၁၁ ပညာယ၊ ပညာတော်၏။ ဟာနိ၊ သည်။ နတ္ထိ၊ မရှိ။

၁၂ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်၏။ ဟာနိ၊ သည်။ နတ္ထိ၊ မရှိ။

ဒွါဒသဟိ၊ တဆယ့်နှစ်ပါးကုန်သော။ ဂုဏေဟိ ဂုဏ်တို့နှင့်။ သမန္နာဂတဿ၊ သော။ ဗုဒ္ဓဿ၊ သော။ ဘဂဝတော၊ ၏။ ဝါ-အား။

၁၃ ဒဝါ၊ ပြောင်လှောင်သရော် အပျော်အဖျင်းမှုသည်။ နတ္ထိ၊ မရှိ။

၁၄ ရဝါ၊ ပေါ့ဆချွတ်ချော် ကရော်ကမယ် မှုသည်။ နတ္ထိ၊ မရှိ။

၁၅ အဖုဋ္ဌံ၊ ဉာဏ်တော်မမိ မထိသော အရာသည်။ နတ္ထိ၊ မရှိ။

၁၆ ဝေဂါယိတတ္တံ၊ ကဒေါကမျော အလျင်အမြန်ပြုသော အရာသည်။ နတ္ထိ၊ မရှိ။

၁၇ ဗျာဝဋမနော၊ အကျိုးမရှိရာ၌ ကြောင့်ကြစိုက်သော စိတ္တုပ္ပါဒ်တော်သည်။ နတ္ထိ၊ မရှိ။

၁၈ အပ္ပဋိသင်္ခါနုပက္ခာ၊ ဆင်ခြင်လွှတ်ကင်း လျစ်လျူ နေခြင်းသည်။ နတ္ထိ၊ မရှိ။

အဋ္ဌာရသဟိ၊ တဆယ့်ရှစ်ပါးကုန်သော။ ဂုဏေဟိ ဓမ္မေဟိ၊ ဤ ဗုဒ္ဓ ဓမ္မ တို့နှင့်။ သမန္နာဂတဿ၊ သော။ ဗုဒ္ဓဿ၊ သော။ ဘဂဝတော၊ အား။ နမော၊ စိတ်ညွတ်ရိုကျိုး ရှိခိုးပါ၏။

သ သဒ္ဓမ္မ ဂဏုတ္တမော၊ သူတော်ကောင်းတရား ရှစ်ပါး သော အရိယာဂိုဏ်းမြတ် ရှိတော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သပရိဝါရံ၊ အခြွေအရံနှင့် တကွသော။

သညာတိဂဏံ၊ ဆွေမျိုးအပေါင်းနှင့် တကွသော။ မံ၊ ငါ့ကို။ စိရံ၊ကြာမြင့်စွာ။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊စောင့်ရှောက်တော်မူပါစေသတည်း။ မယှမေဝ၊ငါ့အားသာလျှင်။စိရံ၊ စွာ။ သဒါ၊ အခါခပ်သိမ်း။ သဗ္ဗကာမဒဒေါ၊ အလိုခပ်သိမ်းကို ပေးတော်မူသည်။ ဟောတု၊ ဖြစ်တော်မူပါစေသတည်း။

(ပါရာဇိကကဏ် အဋ္ဌကထာ, ဝိဘင်္ဂပ္ပကရဏဋ္ဌကထာ, စရိယပိဋ္ဋကအဋ္ဌကထာ-အဖွင့်ဋီကာများ၌ လာသည်။)

**အာဝေဏိကဂုဏ်တော် အနက် ပြီး၏။**

# အတွေ့တွေ့ မှတ်ဖွယ်

## ရှင်မပြုကောင်းသောသူ ၁၁-ယောက်

၁ ပဏ္ဍုက်-ဘာဝရုပ်ချို့သော ပဏ္ဍုက်၊

၂ ထေယျ သံဝါသက-အသွင် အပေါင်း အဖော် ခိုးသောသူ။

၃ တိတ္ထိယ ပက္ကန္တက-တိတ္ထိ အယူသို့ ပြောင်းသွားသော ရဟန်း, သာမဏေ၊

၄ တိရစ္ဆာန-တိရစ္ဆာန်၊

၅ မာတုဃာတက-အမိ သတ်သောသူ၊

၆ ပိတုဃာတက-အဘ သတ်သောသူ၊

၇ အရဟန္တဃာတက-ရဟန္တာ သတ်သောသူ၊

၈ လောဟိတုပ္ပါဒက - ဘုရားသွေးစိမ်း တည်အောင် ပြုသောသူ၊

၉ သံဃဘေဒက-သံဃာသင်းခွဲသောသူ၊

၁၀ ဘိက္ခုနီဒူသက-ဘိက္ခုနီမကို ဖျက်ဆီးသောသူ၊

၁၁ ဥဘတော ဗျဉ္ဇနက-နိမိတ် နှစ်ခု ရှိသော ဥဘတော ဗျည်း။

ဤ ရှင်မပြုကောင်းသော အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်တို့၌ အသက် နှစ်ဆယ် မပြည့်သောသူ, ပါရာဇိကကျသောသူ ထည့်လျှင် ရဟန်းမခံကောင်းသူ တဆယ့်သုံးယောက်ဖြစ်၏။

ဆောင် ပဏ်, ထေ, ပက်, ဧွာန်,၊ ပဥ္စာနန်၊ ဒူသိ, ဥဘတောပါ။
ရှင်မပြုရ၊ ဆယ့်တစ်မျိုး၊ မှတ်ကြ အဘဗ္ဗာ။

## ထေယျသံဝါသက ၃-မျိုး

၁ လိင်္ဂထေနက - ကိုယ်တိုင် သင်္ကန်းဝတ်၍ ရဟန်း သာမဏေအသွင် ယူသောသူ၊

၂ သံဝါသထေနက-ရဟန်းဟု ဝန်ခံ၍ ပေါင်းဖော်ခြင်း ခိုးသော သာမဏေ၊

၃ ဥဘယထေနက-အသွင်, ပေါင်းဖော်ခြင်း နှစ်ပါးလုံး ခိုးသောသူ၊

ဤသုံးယောက်သည် အသွင်, ပေါင်းဖော်ခြင်း ခိုးသော ကြောင့် ထေယျ သံဝါသက မည်၏။

ဤအရာ၌ မင်းဘေး စသည်တို့ကြောင့် ကိုယ်တိုင် သင်္ကန်းဝတ်ပြီး လျှင် သံဝါသ့အလယ်သို့ မဝင်ဘဲနေငြားအံ့။ ဝင်ရောက်သော အခါ၌ လည်း မှန်သည့်အတိုင်း လျှောက်ကြားဝန်ခံ၍ ပေါင်းဖော်ခြင်း မပြုဘဲ နေငြားအံ့၊ ထေယျသံဝါသက မဖြစ်။

ဆောင် အသွင်,ပေါင်းဖော်၊ နှစ်ပါးခေါ်၊ ခိုးသော် ထေနက။

## လိင်ဒဏ် သင့်ကြောင်း ၆-ပါး

၁ အလဇ္ဇိတာ-အရှက်မရှိခြင်း၊
၂ အညာဏတာ-မသိမိုက်မဲခြင်း၊
၃ ကုက္ကုစ္စ ပကတတာ-အလိုလို နှိပ်စက်ခြင်း၊
၄ သတိသမ္မောသတာ-သတိမေ့လျော့ခြင်း၊
၅ အကပ္ပိယေ ကပ္ပိယသညိတာ-မအပ်သည်၌ အပ်သည်ဟု ထင်ခြင်း၊
၆ ကပ္ပိယေ အကပ္ပိယ သညိတာ-အပ်သည်၌ မအပ်ဟု ထင်ခြင်း။

ဆောင် ။ မရှက်, မသိ၊ ကုက္ကုစ္စနှင့်၊ သတိမမြဲ၊ ထင်လွဲနှစ်ပါး၊ ပေါင်း ခြောက်ပါးသည်၊ ရှင်များ လိင်ဒဏ်သင့်ကြောင်းတည်း။

## မအပ်သော ကနုတ် ၆-ချောင်း

၁ ကွဲသော ကနုတ်၊
၂ ကြမ်းသော ကနုတ်၊
၃ အဆစ် အဖု ရှိသော ကနုတ်၊
၄ အခေါင်း အပေါက်ရှိသော ကနုတ်၊
၆ ပုပ်ဆွေးသော ကနုတ်၊

ဆောင် ကွဲ,ကြမ်း, ဆစ်ဖု၊ ဆူး, ခေါင်း, ပု၊ ကနု မအပ်ခြောက်။

## ပရိဘောဂ ၄-ပါး

၁ ထေယျပရိဘောဂ-သီလမရှိဘဲ ပစ္စည်း ၄-ပါးကို သုံးဆောင်ခြင်းသည် ခိုးစားသည်နှင့် တူ၏။

၂ **ဂူဏာပရိဘောဂ**-ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲသုံးဆောင်ခြင်းသည် ချေးငှါးစားသည်နှင့် တူ၏။

၃ **ဒါယဇ္ဇပရိဘောဂ**-ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည်ရင်း, သေက္ခပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည်ရင်း အမွေခံအဖြစ်နှင့် တူ၏။

၄ **သာမိပရိဘောဂ**-ရဟန္တာတို့၏ သုံးဆောင်ခြင်းသည် ပိုင်ရှင်နှင့် တူ၏။

**ဆောင်** ထေ, ဣ, ဒါ, မိ၊ လေးပါးရှိ၊ ပရိဘောဂ**သာ**။

**မစားကောင်းသော အသားကြီး ၁၀-ပါး**

၁ လူသား-ဇာတ်တူချင်းဖြစ်၍ မစားအပ်၊ ထုလ္လစ္စည်း၊

၂ ဆင်သား }
၃ မြင်းသား } မင်းအင်္ဂါဖြစ်၍ မစားအပ်၊ ဒုက္ကဋ်၊

၄ ခွေးသား }
၅ မြွေသား } ရွံဘွယ်ဖြစ်၍ မစားအပ်၊ ဒုက္ကဋ်၊

၆ ခြင်္သေ့သား
၇ ကျားသား
၈ ကျားသစ်သား } ဘေးရန် ဖြစ်ဘတ်၍ မစားအပ်၊ ဒုက္ကဋ်၊
၉ ဝံသား
၁၀ အောင်းသား

ဤအသားဆယ်ပါးတို့သည် သိသည်ဖြစ်စေ မသိသည်ဖြစ်စေ မစားအပ်သော အသားဖြစ်ကုန်၏၊ အဆီတို့တွင် လူဆီတခုသာ မအပ်၊ ကြွင်းသော အဆီတို့အပ်ကုန်၏၊ နို့ရည်စသည်တို့၌ မအပ်သောမည်သည်မရှိ။

ဆောင် လူ့,မြွေ့,မြင်း,ဆင်၊ ခွေး,ခြင်္သေ့,သစ်,ကျား၊ ဝံ,အောင်း၊အသား
အသားမအပ် ဆယ်ထွေတည်း။

## အဖျော်မအပ်သော အသီးကြီး ၉-လုံး

၁ ထန်းသီး၊
၂ အုန်းသီး၊
၃ အိမ်ပိန္နဲသီး၊
၄ တောပိန္နဲသီး၊
၅ ဗူးသီး၊
၆ ဖရုံသီး၊
၇ သခွါး ငဆစ်သီး၊
၈ သခွါး ငပြုတ်သီး၊
၉ သခွါး ငကြောင်သီး၊

ဆောင် ထန်း,အုန်း,နှစ်တွဲ၊ ပိန္နဲ နှစ်စုံ၊ ဗူး,ဖရုံ၊ မှတ်တုံ့ သုံးသခွါး။

## အဖျော် ၈-ပါး

၁ သရက်သီး အဖျော်၊
၂ သပြေသီး အဖျော်၊
၃ တောငှက်ပျောသီး အဖျော်၊
၄ အိမ်ငှက်ပျောသီး အဖျော်၊
၅ သစ်မည်စည်သီး အဖျော်၊
၆ သပြစ်သီး အဖျော်၊
၇ ကြာစွယ် အဖျော်၊
၈ ဖက်သက်သီး အဖျော်။

ဤ အဖျော်ရှစ်မျိုးတို့သည် အေးသည်ဖြစ်စေ, နေချက်၍ နွေးသည် ဖြစ်စေ အပ်ကုန်၏၊ မီးဖြင့်ချက်မူ မအပ်ကုန်၊ ရှောက်,မန်ကျည်း စသော အဖျော်တို့သည် လျော်သောကြောင့် အနုလောမ အဖျော်တို့မည်ကုန်၏။

ဆောင် သရေပြ, သရက်၊ နွယ်သပြက်၊ ဖက်သက်, သစ်မည်စည်။
တော,အိမ်ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်ဖောလာ ရှစ်ဖျော်ရည်။

## ကာလိက ၄-ပါး

၁ ယာဝကာလိက-နံနက်အရုဏ်တက်မှ မွန်းတည့်အတွင်း အပ်သော ခဲဘွယ်, ဘောဇဉ်၊

၂ ယာမကာလိက-ယနေ့ အရုဏ်တက်မှ နက်ဖြန် အရုဏ် အတွင်း အပ်သော ဖျော်ရည်၊

၃ သတ္တာဟကာလိက-ခုနစ်ရက် အတွင်း အပ်သော လျက်ဘွယ် ငါးပါး၊

၄ ယာဝဇီဝိက-တသက်လုံး အပ်သော ဇာဒိပ္ပိုလ်, လေးညှင်း, နနွင်း, သိန္ဓော စသော ဆေး။

ယင်း ကာလိက ၄-ပါးတို့တွင် ယာမကာလိက, သတ္တာဟ ကာလိက, ယာဝဇီဝိကသုံးပါးသည် နေလွဲအခါ ဂိလာန-နာသောသူ, ပိပါသ-ဆာလောင်မွတ်သိပ်သောသူတို့အား အပ်၏၊ ဂိလာနမဟုတ်သူ, မဆာသောသူတို့အား မအပ်၊ နာသောသူမှာ ပကတိအတိုင်း သုံးဆောင်နိုင်သည်၊ ဆာသောသူမှာ သတ္တာဟကာလိကာ ရနှင့်ရော၍ သုံးဆောင် ရသည်။

ဆောင် ယာဝ,ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကာ။
ကာလိက ၄-ပါး၊ သရုပ်ကြား၊ မှတ်သားကြစရာ။

## သင်္ကန်းကိုးထည်

၁ အန္တရဝါသက=သင်းပိုင်၊
၂ ဥတ္တရာသင်္ဂ=ကိုယ်ရုံကောသီ၊
၃ သံဃာဋိ=ဒုကုဋ်၊
၄ ပစ္စတ္ထရဏ=အပေါ်လွှမ်း အိပ်ရာခင်း၊
၅ မုခပုဉ္ဆန=မျက်နှာသုတ်ပုဝါ၊
၆ ပရိက္ခာရစောဠ=အသေးအမွှား စောဠကပရိက္ခရာမျိုး။
၇ နိသီဒန=နိသီဒိုင်၊
၈ ဝဿိကသာဋိက=မိုးရေခံသင်္ကန်း၊
၉ ကဏ္ဍုပ္ပဋိစ္ဆာဒိက=အမာလွှမ်းသင်္ကန်းတို့တည်း။

ဆောင် သင်း၊ ကိုယ်၊ ဒု၊ အိပ်၊ မျက်ပရိက်၊ နိသိဒ်၊ မိုး၊ အမာ။
သင်္ကန်းကိုးထယ်၊ ကမ္ဗည်းသွယ်၊ မှတ်ဖွယ် စဉ်ထားကာ။

## ခဲဖွယ် ၁၂-ပါး

၁ မူလခါဒနီယ=အမြစ်ခဲဖွယ်၊
၂ ကန္ဒခါဒနီယ=အဥခဲဖွယ်၊
၃ မူဠာဠခါဒနီယ=အစွယ်ခဲဖွယ်၊
၄ မတ္ထကခါဒနီယ=အညှောက်ခဲဘွယ်၊
၅ ခန္ဓခါဒနီယ=ပင်စည်ခဲဖွယ်၊
၆ တစခါဒနီယ=အခွံအခေါက်ခဲဖွယ်၊
၇ ပတ္တခါဒနီယ=အရွက်ခဲဖွယ်
၈ ပုပ္ဖခါဒနီယ=အပွင့်ခဲဖွယ်၊
၉ ဖလခါဒနီယ=အသီးခဲဖွယ်၊

၁၀ အင္ဂါဒိုဒနိယ=အစေ့ခဲဖွယ်၊
၁၁ ပိဌ္ဌခါဒနိယ=အမှုန့်ခဲဖွယ်၊
၁၂ နိယျာသခါဒနိယ=အစေးခဲဖွယ် တို့တည်း။

ဆောင် မြစ်, ဥ, စွယ်, ညှောက်၊ ပင်,ခေါက်,ရွက်,ပွင့်၊ သီး,စေ့,ဆင့်၊
မှုန့်နှင့် စေးဆယ့်နှစ်။

## ဘောဇဉ် ငါးပါး

၁ ဩဒန=ထမင်း၊
၂ သတ္တု=မုန့်လုံး၊
၃ ကုမ္မာသ=မယောမုန့်၊
၄ မစ္ဆ=ငါး၊
၅ မံသ=အသားတို့တည်း။

ဆောင် ထမင်း, ငါး, သား,၊ မုန့်နှစ်ပါး၊ ငါးပါး ဘောဇဉ်တည်း။

## အကျွမ်းတဝင် ဆွမ်းမခံရသော အိမ် ၆-မျိုး

၁ သေအရက် ရောင်းသောအိမ်၊
၂ ပဏ္ဍုက်တို့၏အိမ်၊
၃ ဘိက္ခုနီခေါ် ရဟန်းမတို့ကျောင်း၊
၄ အပျိုကြီးအိမ်၊
၅ ပြည့်တန်ဆာမအိမ်၊
၆ လင်ကွာအမျိုးသမီးနှင့် မုဆိုးမအိမ် တို့တည်း။

ဆောင် သုရာသောက်ထုတ်၊ သေတင်းကုပ်၊ ပဏ္ဍုက်ဘိက္ခုနီမ။
ပျိုကြီး ဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ။
ဤ ၆-အိမ်တွင်၊ ကျွမ်းတဝင်၊ ဆွမ်းလျှင် မခံရ။

## သုရာခေါ် သေငါးမျိုး

၁ ပိဋ္ဌသုရာ-ဆန်မှုန့်ကို လုပ်အပ်သော သေရည်၊
၂ ပူဝသုရာ-မုန့်ကို လုပ်အပ်သော သေရည်၊
၃ ဩဒနသုရာ-ထမင်းကို လုပ်သော သေရည်၊
၄ ကိဏ္ဏပက္ခိတ္တသုရာ-တဆေးမှုန့်ထည့်၍ လုပ်သောသေရည်၊
၅ သမ္ဘာရ သံယုတ္တသုရာ-ဖန်ခါးသီးစသော အဆောက် အဦများ ရောစပ်၍ လုပ်အပ်သော သေရည်။

## မေရယခေါ် အရက် ငါးမျိုး

၁ ပုပ္ဖါသဝ-သစ်မည်ဆူပွင့်စသော ပန်းပွင့်စိမ့်ရည်၊
၂ ဖလာသဝ-အသီးစိမ်ရည်၊
၃ မဓွာသဝ-သပြက်သီး စိမ်ရည်၊
၄ ဂုဠာသဝ-ကြံရည်, ထန်းရည်ကို ပြုအပ်သော စိမ်ရည်၊
၅ သမ္ဘာရသံယုတ္တာသဝ-ဖန်ခါးသီးစသော အဆောက် အဦ အမျိုးမျိုးဖြင့် စိမ်အပ်သော စိမ်ရည်။

ဆောင် ပိဋ္ဌ, ပူဝ၊ ဩဒန၊ ကိဏ္ဏ, သမ္ဘာရ။
ပုပ္ဖ, ဖလာ၊ မဓွာ, ဂုဠ၊ သမ္ဘာရ၊ ပဥ္စ မေရယာ။

## ဆိုးရည် ၆-မျိုး

| | |
|---|---|
| ၁ အမြစ်ဆိုးရည်၊ | ၄ အရွက်ဆိုးရည်၊ |
| ၂ ပင်စည်ဆိုးရည်၊ | ၅ အပွင့်ဆိုးရည်၊ |
| ၃ အခေါက်ဆိုးရည်၊ | ၆ အသီးဆိုးရည်၊ |

ဆောင် မြစ်,ပင်,ခေါက်,ရွက်၊ပွင့်,သီးဘက်၊ ခြောက်ချက်ဆိုးရည်လာ။

## မအပ်သော ဆိုးရည် ၉-မျိုး

| | |
|---|---|
| ၁ နနွင်းမြစ်၊ | ၅ ဒန်းရွက်၊ |
| ၂ ထန်းကျင့်၊ | ၆ ကြပိုင်ခေါက်၊ |
| ၃ ပိန္နဲနွယ်၊ | ၇ ဒေါက်ရပ်ခေါက်၊ |
| ၄ မဲရွက်၊ | ၈ ဝတ်ပန်းပွင့်၊ |

၉ ပေါက်ပွင့် တို့တည်း။

**ဆောင်** နနွင်းမြစ်နှင့်၊ ပင်စည်ဆင့်၊ ထန်းကျင့်-နွယ်ပိန္နဲ။
မဲ့ချက်, ဒန်းခလှာက်၊ ကြပိုင်ခေါက်၊ ဒေါက်ချပ်ဆင့်**ကာကဲ**။
ဝတ်ပန်း,ပေါက်ပွင့်၊ ဆိုးရည်ဘင့်၊ မသင့်ကိုးပါးဘဲ။

## ကုလဒူသန ၈-ပါး

| | |
|---|---|
| ၁ သစ်သီးပေးခြင်း၊ | ၅ ဝါးပေးခြင်း၊ |
| ၂ ပန်းပေးခြင်း၊ | ၆ ဒန်ပူပေးခြင်း၊ |
| ၃ မျက်နှာချေမှုန့်ပေးခြင်း၊ | ၇ စေခိုင်းရာသို့ခြေဖြင့်သွားခြင်း၊ |
| ၄ မြေညက်ပေးခြင်း၊ | ၈ ဆေးကုခြင်း။ |

**ဆောင်** ပွင့်, သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေ၊ ၈ဇွေ ဒူချစ်ဖြာ။

## အနေသန ၂၁-ပါး

၁ မျက်နှာသစ်ရေ ပေးခြင်း၊
၂ ဆွမ်းတို့ ပေးခြင်း၊
၃ သစ်ရွက်ပေးခြင်း၊
၄ ရေချိုးကသယ်မှုန့် ပေးခြင်း၊
၅ ကလေး ချီထိန်းခြင်း၊
၆ ပဲဟင်းအလား အမွှန်နည်းပါး အမှား များသော စကားကို ဆိုခြင်း၊

၇ ချစ်အောင်, ခင်အောင် ခင်ဗျား ကျွန်တော် စသည်ဖြင့် အောက်ကျို့၍ စကားဆိုခြင်း။
၈ အနီးအပါး၌ စေခိုင်းရာခံခြင်း၊
၉ စာတမန် ပြုလုပ်ခြင်း၊
၁၀ ဘူမိနက်သံ မြေကြန်အတတ်ဖြင့် ဟောစားခြင်း၊
၁၁ လယ်,ယာ မြေ၏ အကျိုးအပြစ် သိသော အတတ်ဖြင့် ဟောခြင်း၊
၁၂ ရုပ်ဆင်း အင်္ဂါ လက္ခဏာ အကျိုး အပြစ် သိသော အတတ်ဖြင့် ဟောခြင်း၊
၁၃ နက္ခတ် အကျိုး အပြစ် သိသောအတတ်ဖြင့် ဟောခြင်း၊
၁၄ ကုလဒူသန ၈-ပါး၊
ပေါင်း အနေသန ၂၁-ပါး ဖြစ်သည်။

ဤ ကုလဒူသန, အနေသနဖြင့် ရအပ်သောပစ္စည်း, အမျိုးမတော်သူ မဖိတ်ကြားသောသူထံတောင်း၍ ရအပ်သောပစ္စည်း, အံ့ဘွယ်ပြုခြင်း, မြှောက်ချောက် ရစ်ဆွယ်ခြင်း, အရိပ်နိမိတ်ပြုခြင်းတို့ကြောင့် ရသော ပစ္စည်း, ရွှေ, ငွေ ခံခြင်း၊ ရွှေ,ငွေဖြင့် လဲလှယ်ဝယ်ယူခြင်းကြောင့်ရသော ပစ္စည်း, မဟုတ်မမှန် ဈာန်မဂ်,ဖိုလ် ပြော၍ရသော ပစ္စည်း၊ ဤ ပစ္စည်း အားလုံးသည် တသာသနာလုံး မအပ် ဝေးစွာရှောင်အပ်၏၊ ဤပစ္စည်းမျိုးဖြင့် ချီးမြှောက်သော သိတင်းသုံးတော်ကိုအပယာနုဂ္ဂဟမိတ်ဆွေဟု ဆိုသင့်၏၊ အပ-အယ-အနုဂ္ဂဟ = ချမ်းသာကင်းအောင် ချီးမြှောက်သူ သတိပြုဘွယ်တည်း၊ လူတို့၏ မိစ္ဆာဇီဝ ပစ္စည်းကား ရဟန်းတို့၌ မအပ်သည် မည်သည် မရှိ။

**အထွေထွေမှတ်ဖွယ် ပြီး၏။**

# ရဟန်းလောင်းများ မှတ်ဖွယ်

## သီတင်းငယ်က သီတင်းကြီးထံ ဒေသနာကြားပုံ

**ဒေသနာပြော** အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

**ဒေသနာခံ** သာဓု သာဓု။

**ပြော** အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

**ခံ** ပဿသိ အာဝုသော တာ အာပတ္တိယော။

**ပြော** အာမ ဘန္တေ ပဿာမိ။

**ခံ** အာယတိံ အာဝုသော သံဝရေယျာသိ။

**ပြော** သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

**ခံ** သာဓု သာဓု။

## သီတင်းကြီးက သီတင်းငယ်ထံ ဒေသနာကြားပုံ

**ပြော** အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

**ခံ** သာဓု သာဓု။

ပြော  အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

ခံ  ပဿထ ဘန္တေ တာ အာပတ္တိယော။

ပြော  အာမ အာဝုသော ပဿာမိ။

ခံ  အာယတိံ ဘန္တေ သံဝရေယျာထ။

ပြော  သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။

ခံ  သာဓု သာဓု။

## ဝတ္ထုသဘာဂဖြစ်မှု သိတင်းငယ်က ထပ်၍ပြောပုံ

ပြော  အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

ခံ  ပဿသိ အာဝုသော တာ အာပတ္တိယော။

ပြော  အာမ ဘန္တေ ပဿာမိ။

ခံ  အာယတိံ အာဝုသော သံဝရေယျာသိ။

ပြော  သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ခံ  သာဓု သာဓု။

## အဓိဋ္ဌာန် ဝိကပ္ပနာပြုပုံ

အလျားတတောင့်ထွာ အနံတထွာ ခြောက်သစ် အယုတ်ဆုံး ပမာဏရှိသော ကိုယ်ပိုင် အဝတ်သင်္ကန်းတို့ကိုရင်း, သပိတ်ကိုရင်း, ဆယ်ရက်အတွင်း ဝိကပ္ပနာ, အဓိဋ္ဌာန် ပြုထားရ

သောကြောင့် ဝိကပ္ပနာပြုပုံ၊ အဓိဋ္ဌာန်တင်ပုံ စသည်တို့ကို လေ့ကျက်အပ်၏။

၁ တထည် ဝိကပ္ပနာ ပြုလိုလျှင် ရဟန်းတပါးထံ ချဉ်းကပ်၍ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"ဟု ဆို၍ ပေးရမည်၊ ထိုရဟန်းက "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဆို၍ ပြန်ပေးရမည်။

၂ တထည်ထက် များလျှင် "ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ"ဟု ဆို၍ "မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဆို၍ ပြန်ပေးရမည်။

၃ တပါးတည်း ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်လိုလျှင် တထည်ကို "ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ" အများကို "ဣမာနိ စီဝရာနိ ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ"ဟု ဆို၍ တင်အပ်၏။

၄ ဝိကပ္ပနာ အဓိဋ္ဌာန်မတင်မိဘဲ ဆယ်ရက်လွန်သွားလျှင် တထည်တည်းဖြစ်အံ့၊ "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ဆို၍ စွန့်ပြီး ဒေသနာကြားလေ၊ "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ"ဟု ဆို၍ ပြန်ပေးလေ။

၅ များလျှင် "ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ"ဟု ပြင်၍ ဆိုအပ်၏။

၆ ဥဒေါသိတ သိက္ခာပုဒ်အရ တိစီဝရိက် အဓိဋ္ဌာန်တင်၍ ဆောင်လိုလျှင် ဒုကုဋ်တထည်ကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ကိုယ်ရုံ တထည်ကို "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ" သင်းပိုင် တထည်ကို "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"ဟု ဆို၍တင်၊ အရုဏ်တက်သော အချိန်၌ နှစ်တောင့်ထွာ ဟတ္ထပါသ် မကင်းအောင် ဆောင်၊ ဟတ္ထပါသ် ကင်းခဲ့လျှင် ထိုသုံးထည် စလုံးကို "ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိ ဝိပ္ပဝုတ္ထာနိ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟုဆို၍ စွန့်ပြီး ဒေသနာကြားလေ "ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ"ဟု ဆို၍ ပြန်ပေးအပ်၏။

၇ တထည်တည်းသာဖြစ်လျှင် "ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ဆိုပြီးပေး၍ ဒေသနာကြား၊ "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ"ဟုဆို၍ ပြန်ပေးအပ်၏။

၈ မဆောင်နိုင်သေး၍ အဓိဋ္ဌာန်ချထားလိုလျှင် ဒုကုဋ်ကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ကိုယ်ရုံကို "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ" သင်းပိုင်ကို "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ"ဟု ဆို၍ ချထားအပ်၏။

၉ သပိတ်ဝိကပ္ပနာပြုလိုလျှင် "ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ၊ မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" အဓိဋ္ဌာန် တင်လိုလျှင် "ဣမံ ပတ္တံ အဓိဋ္ဌာမိ" အဓိဋ္ဌာန် ချလိုလျှင် "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ" ဝိကပ္ပနာအဓိဋ္ဌာန်

မပြုမိဘဲ ဆယ်ရက်လွန်၍ စွန့်လျှင် "အယံ မေ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ဆို၍ စွန့်ပြီး ဒေသနာကြားလေ၊ "ဣမံ ပတ္တံ အာယသ္မတော ဒမ္မိ"ဟု ဆို၍ ပြန်ပေးအပ်၏။

## နိဿယည်းယူပုံ

အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ။ (ဒုတိယမ္ပိ, တတိယမ္ပိ သုံးခေါက်ဆို)

ပါသာဒိကေန သမ္ပာဒေဟိ။

အာမ ဘန္တေ။

**နိဿယည်းဆရာက ခွင့်လွှတ်ပုံ** နိဿယည်းဆရာ၌ ပြုသင့် ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာစွာ ပရိယတ်, ပဋိပတ်တို့ကို အားထုတ်၍ နေလေ။

**ပြန်ကြားလျှောက်ထားရန်** နိဿယန္တေဝါသိက တပည့် ဖြစ်သော ဘုရားတပည့်တော်၏ အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာ သက်သက် ကြောင့်ကြမဲ့ နေတော်မူပါ ဘုရား။

## ဝါဆို ဝါကပ်ပုံ

ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။

ဒုတိယမ္ပိ ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။

တတိယမ္ပိ ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။

## ဝါပန်ပုံ

အဇ္ဇတော သတ္တာဟေ ပဋိနိဝတ္တေဿာမိ-ဟူ၍၎င်း၊

အဇ္ဇတော သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တေဿာမိ-ဟူ၍၎င်း၊

ဝါပန်ရမည်၊ သို့မဟုတ် ခုနစ်ရက်အတွင်း ပြန်လှာအံ့ ဟု နှလုံးသွင်း၍လည်း သွားကောင်းသည်။

သိတင်းသုံးဖော် ငါးယောက်, မိဘမကျန်းမာသော်၎င်း၊ ဒါယကာ၊ ဒါယိကာ၊ ပဿိကာ-ဟုတ်-သုံးချက်ဖြင့်ပင့်သော်၎င်းခုနစ်ရက် ကိစ္စ "သတ္တာဟဗ္ဘန္တရေ နိဝတ္တေဿာမိ" ဟုဝါပန်၍သွားကောင်း၏၊ နှလုံးသွင်းခြင်း အာဘောဂမျှဖြင့်လည်း သွားကောင်း၏။

## ကထိန် အနုမောဒနာပြုပုံ

အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။

(သာဓု သုံးကြိမ်ခေါ်ပါ)

ရဟန်းလောင်းများ မှတ်ဖွယ် ပြီး၏။

**ဇွဲ-ရှင်ကျင့်ဝတ် ပြီး၏။**